မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၁ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၆၀)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

နေပြည်တော် ဇွန် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်အား ကိုရီးယားနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်အား ကိုရီးယားနိုင်ငံအခြေစိုက် The Export- Import Bank of Korea မှ Senior Investment Specialist, EDCF Department, Mr. Chae Sang Jin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၃၁

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်အား ကိုရီးယားနိုင်ငံအခြေစိုက် The Export- Import Bank of Korea မှ Senior Investment Specialist, EDCF Department, Mr. Chae Sang Jin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံပြီး ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်း၊ မြန်မာ့ လေကြောင်းအား အဆင့်မြှင့်တိုးချဲ့ရေးစီမံကိန်း၊ ပြည်တွင်းရေကြောင်း သဘောင်္ကျင်းများကို အဆင့်မြှင့်တင်ရေးစီမံကိန်း၊ ပြည်တွင်းရေကြောင်း ကုန်စည်ပို့ဆောင်ရေးတွင် လုံခြုံမှုရှိစေရန်နှင့် အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်သည့် စီမံကိန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၃၁-၅-၂၀၁၂

မော်လိုက်မြို့	၄ ဒသမ ၆၄ လက်မ
ခန္တီးမြို့	၃ ဒသမ ၆၂ လက်မ
ပေါင်မြို့	၂ ဒသမ ၄၄ လက်မ
သံတွဲမြို့	၂ ဒသမ ၄၁ လက်မ
ကလေးဝမြို့	၂ ဒသမ ၂၅ လက်မ
မြောက်ဦးမြို့	၂ ဒသမ ၂၅ လက်မ

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သုံးစွဲခြင်းကြောင့် နှစ်စဉ် လူဦးရေခြောက်သန်းကျော် သက်တမ်းမကုန်မီ သေဆုံးလျက်ရှိ

၂၀၃၀ ခုနှစ်တွင် လူဦးရေရှစ်သန်းကျော်အထိ သေဆုံးမှုနှုန်းမြင့်မားလာနိုင်

နေပြည်တော် မေ ၃၁

ဆေးလိပ်သောက်သုံးမှု၊ ဆေးရွက်ကြီးသုံးစွဲမှုများကြောင့် ရရှိခံစားကြရမည့် ရောဂါများမှ ကာကွယ်နိုင်ရန်အတွက် ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုကို ထိန်းချုပ်နိုင်ရန် ကမ္ဘာတစ်ဝန်း ကြိုးစားနေကြချိန်တွင် စီးကရက်၊ ဆေးလိပ်ထုတ်လုပ်သူများသည် နည်းလမ်းမျိုးစုံအသုံးပြုပြီး စည်းရုံးဆွဲဆောင် မက်လုံးပေးနေသည်ကို တွေ့မြင်နေကြရကြောင်း၊ ထို့ကြောင့် ဤသို့ဆွဲဆောင်မှုများကို အထူးသတိပြု တိုက်ဖျက်သွားရန် ရည်ရွယ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆေးလိပ်ထုတ်လုပ်ရောင်းချသူများအား ရည်ညွှန်းကာ ယခုနှစ်ဆောင်ပုဒ်ကို "Tobacco Industry Interference" ဟု သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း။

ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲခြင်းနှင့် သူတစ်ပါးဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းတို့ကြောင့်ဖြစ်ပေါ်ရသည့် ကျန်းမာရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်နှင့် စီးပွားရေးပြဿနာများခံစားရခြင်းမှ ကာကွယ်နိုင်ရန်အတွက် မြန်မာနိုင်ငံ အပါအဝင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဝင်နိုင်ငံများသည် ကွန်ဗင်းရှင်းပါ အချက်များကို တတ်နိုင်သမျှ တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်နေကြကြောင်း။

တားမြစ်ထား

ထိုသို့ကြိုးစားဆောင်ရွက်နေကြသော်လည်း တစ်ဖက်တွင် ဆေးလိပ်ဆေးရွက်ကြီးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်း အောင်မြင်ရန်၊ အစိုးရအနေဖြင့် ကွန်ဗင်းရှင်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အနှောင့်အယှက် အဟန့်အတားများ ဖြစ်ပေါ်လာစေရန်အတွက် နည်းလမ်းမျိုးစုံအသုံးပြု လုပ်ဆောင်လာကြသည်ကို ကမ္ဘာတစ်ဝန်း တွေ့မြင်လာရကြောင်း၊ မြန်မာနိုင်ငံတွင်လည်း စီးကရက်ဘူးများပေါ်တွင် ကျန်းမာရေးသတိပေးချက်များကို သတ်မှတ်သည့်အတိုင်း ထည့်သွင်းဖော်ပြရန်နှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကြော်ငြာခြင်း မပြုရန် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး ဥပဒေအရ တားမြစ်ထားသော်လည်း လိုက်နာမှုအားနည်းနေသည်ကို တွေ့ရကြောင်း။

မြန်မာနိုင်ငံ၏ ဈေးကွက်အတွင်းတွင် တွေ့ရှိနေရသည့် စီးကရက်ဘူးအချို့တွင် ကျန်းမာရေးသတိပေးချက် မပါရှိခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို ရောင်းအားမြှင့်တင်ရေးအတွက် အခမဲ့ ဝေငှခြင်း၊ ကံစမ်းမဲဖောက်ခြင်း၊ ဆေးလိပ်အမှတ်တံဆိပ်ပါသည့် မီးခြစ်၊ တစ်ရှူးဘူး၊ ဆေးလိပ်ခွက်၊ ပြက္ခဒိန်စသည့် ပစ္စည်းများကို လက်ဆောင်ပေးခြင်း၊ စီးကရက်ဘူးခွံနှင့်ငွေသား လဲလှယ်ပေးခြင်း၊ ကြော်ငြာဗီနိုင်းလ်များ၊ ပိုစတာများကပ်ခြင်း၊ ဖျော်ဖြေပွဲများ၊ လူမှုရေးလုပ်ငန်းများတွင် ကုန်ကျစရိတ်များကျခံပေးပြီး ကြော်ငြာခြင်း စသည်ဖြင့် နည်းမျိုးစုံအသုံးပြုပြီး ဥပဒေကို ချိုးဖောက်နေကြကြောင်း။ *စာမျက်နှာ ၂ ကော်လံ ၁* ✻

၂၀၁၂ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

လမ်းညွှန်ထား

အများပြည်သူတို့ သူတစ်ပါးဆေးလိပ်ငွေ့ရှူရှိုက်ရသည့်အန္တရာယ်မှ ကင်းဝေးစေရန်အတွက် ဆေးလိပ်လုံးဝသောက်ခွင့်မရှိသည့်နေရာများနှင့် အကန့်အသတ်နှင့် ဆေးလိပ်သောက်ခွင့်ရှိသည့် သီးသန့်နေရာများကို ဥပဒေတွင် အသေးစိတ်ဖော်ပြထားပါကြောင်း၊ နိုင်ငံတော်ပိုင်ရုံး ဌာန၊ အဆောက်အအုံနှင့် အဝန်းအဝိုင်းများအတွင်း ဆေးလိပ်သောက်ခြင်းနှင့် ကွမ်းစားခြင်းကို တင်းကျပ်စွာတားမြစ်ရန်၊ အလေးထားလိုက်နာရန်နှင့် ထိရောက်စွာ ကြပ်မတ်ဆောင်ရွက်သွားရန်ကိုလည်း နိုင်ငံတော်သမ္မတကြီးက အလေးအနက် လမ်းညွှန်ထားပါကြောင်း ဖြင့်ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၂ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည်။

ထို့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ နှစ်စဉ်လူဦးရေ ခြောက်သန်းကျော်သည် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် နှလုံးသွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်ပြီး လေဖြတ်ခြင်း၊ ကင်ဆာအမျိုးမျိုးနှင့် အဆုတ်ရောဂါအမျိုးမျိုးအပါအဝင် ရောဂါမျိုးစုံဖြစ်ပွားကာ အချိန်မတိုင်မီ သေဆုံးလျက်ရှိကြကြောင်း၊ ဤအထဲတွင် လူဦးရေ ခြောက်သိန်းကျော်သည် သူတစ်ပါး၏ဆေးလိပ်ငွေ့ကို ရှူရှိုက်ရ၍ ရောဂါများ ဖြစ်ပွားသေဆုံးနေကြရခြင်း ဖြစ်ပြီး ယင်းတို့၏လေးပုံတစ်ပုံကျော်သည် ကလေးများ ဖြစ်ကြကြောင်း။

ကိုယ်ဝန်ဆောင်မိခင်များကိုယ်တိုင် ဆေးလိပ်ဆေးရွက်ကြီးသောက်သုံးခြင်းနှင့် သူတစ်ပါး၏ ဆေးလိပ်ငွေ့ရှူရခြင်းတို့ကြောင့် မိခင်ရောကလေးပါ အလွန်ထိခိုက်နိုင်သည်ကို သတိပြုစေလိုကြောင်း၊ ဆေးလိပ် ဆေးရွက်ကြီးကို ယခုကဲ့သို့ ဆက်လက် သုံးစွဲနေကြမည်ဆိုလျှင် သက္ကရာဇ်(၂၀၃၀)ခုနှစ်တွင် တစ်နှစ်လျှင် လူဦးရေရှစ်သန်းကျော် သေဆုံးကြရမည် ဖြစ်ပြီး ဤသေဆုံးမှုများအနက် ငါးပုံလေးပုံသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်မည်ဟု ခန့်မှန်းထားကြောင်း၊ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများ၌ ဆေးလိပ် ဆေးရွက်ကြီးသုံးစွဲမှု မြင့်မားလျက်ရှိပြီး ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲမှုကြောင့် ရောဂါဖြစ်ပွားသေဆုံးမှုသည်လည်း တစ်ကမ္ဘာလုံးတွင်ဖြစ်ပွားသည့် သေဆုံးမှု၏ လေးပုံတစ်ပုံခန့်ရှိသည်ကို တွေ့ရကြောင်းဖြင့် ဆက်လက်ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. H.S.B Tennakoon က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးထံမှ ပေးပို့သည့် သဝဏ်လွှာကိုဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ၂၀၁၂ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်အဖြစ် " Tobacco Industry Interference" ရွေးချယ်ထားပြီး မြန်မာဘာသာဖြင့် "ဆေးလိပ်လုပ်ငန်းဆွဲဆောင်မှု ရပ်တန့်နိုင်ဖို့ ဒို့ရှေးရှု" ဟု ပြန်ဆိုသတ်မှတ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(၁)	ဦးကျော်ဆန်း အထွေထွေမန်နေဂျာ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း သတ္တုတွင်းဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၁)သတ္တုတွင်းလုပ်ငန်း သတ္တုတွင်းဝန်ကြီးဌာန
(၂)	ဦးဌေးအောင် ညွှန်ကြားရေးမှူး ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန သတ္တုတွင်းဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၃)သတ္တုတွင်းလုပ်ငန်း သတ္တုတွင်းဝန်ကြီးဌာန

တွံတေးမြို့နယ်မှ ကျောင်းသား ကျောင်းသူများအတွက်
ထောက်ပံ့ငွေများပေးအပ်

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အခြေခံပညာကျောင်းများမှ ကူညီထောက်ပံ့ရန်လိုအပ်သော ကျောင်းသားကျောင်းသူများအတွက် အလှူငွေများ ပေးအပ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများအတွက် ကျောင်းသုံးဝေယျာဝစ္စပစ္စည်းများလှူဒါန်းခြင်းနှင့် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက တွံတေးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

လက်ခံယူ

အခမ်းအနားတွင် ရှေးဦးစွာ အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမှာစကား ပြောကြားသည်။ ယင်းနောက် တွံတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးတင့်လွင်က ပညာရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက တွံတေးမြို့နယ် အခြေခံပညာကျောင်းများမှ ကူညီထောက်ပံ့ရန်လိုအပ်သော ကျောင်းသား ကျောင်းသူများအတွက် အလှူငွေကျပ် ၆၂၁၆၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းက လက်ခံယူသည်။ **(အပေါ်ပုံ)** ထို့နောက် ဒေါက်တာခင်ရွှေက တွံတေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၅၂ ကျောင်းအတွက် ကျောင်းသုံးဝေယျာဝစ္စပစ္စည်း အမျိုးအစား ကိုးမျိုး၊ အရေအတွက် ၄၃ မျိုးကိုပေးအပ်လှူဒါန်းရာ တွံတေးမြို့နယ် သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးကျော်သန်းက လက်ခံယူသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအုန်းကြွယ်နှင့် ဒေါက်တာသိန်းဇော်မြင့်တို့က အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူသည်။ ထို့နောက် ထောက်ပံ့လှူဒါန်းမှုအပေါ် တွံတေးမြို့နယ်၏ ကိုယ်စား မြို့မိမြို့ဖ ဦးစောမြင့်ဆွေက ကျေးဇူးတင်စကားပြောကြားသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း ပြည်တွင်းလူမှုစီးပွားသတင်း

ပြည်တွင်းလူမှုစီးပွားသတင်း

တောင်ပေါ်ဒေသထွက် ပေါ်ဦးပေါ်ဖျားဒူးရင်းသီးများ ဈေးကောင်းလျက်ရှိ

တောင်ငူ မေ ၃၁

တောင်ငူမြို့ ဒူးရင်းသီးပွဲရုံများသို့ ကရင်ပြည်နယ် သံတောင်ကြီး၊ ဘောဂလိ၊ ယာဒိုရှိ တောင်ပေါ်ဒေသများမှထွက်ရှိသော ဒူးရင်းသီးများ ဝင်ရောက်လျက်ရှိရာ ပေါ်ဦးပေါ်ဖျားဖြစ်သဖြင့် ဈေးကောင်းလျက်ရှိသည်။ ကရင်ပြည်နယ်ထွက် ဒူးရင်းသီးများသည် စားသုံးသူအကြိုက်တွေ့သော ဒူးရင်းသီးများ **(ယာပုံ)**ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

ကရင်ပြည်နယ် တောင်ပေါ်ဒေသများတွင် ကျောက်စိမ်း၊ ရွှေဒင်္ဂါး၊ မိကျောင်းခေါင်းစသော ဒူးရင်းသီးမျိုးများကို အများဆုံးစိုက်ပျိုးထားပြီး ကျောက်စိမ်းသီးသည် အသားထူ အစေ့သေးပြီး ဆိမ့်သောအရသာရှိ၍ ရွှေဒင်္ဂါးဒူးရင်းသီးသည် အစေ့ကြီး အသားပါးပြီး ချိုသောအရသာရှိသည်။ မိချောင်းခေါင်းသီးမှာ အစေ့အလွန်သေးပြီးအသားထူကာ ချိုသောအရသာရှိကြောင်းသိရသည်။ မိကျောင်းခေါင်းသီးအချို့မှာ အစေ့လုံးဝမပါသည် အထိရှိတတ်ပြီး ဒူးရင်းသီးဈေးကွက်အတွင်း လူကြိုက်အများဆုံး ဖြစ်သော်လည်း ယခုအခါ အဆိုပါဒူးရင်းပင်မျိုးသစ်ယူရန်ပင် ခက်ခဲရှားပါးနေကြောင်း၊ ဒူးရင်းပင်သည် အသီးတင်ကာလတွင် သုံးပြန်အသီးတင်ပြီး တစ်လခြားတစ်ကြိမ်တင်ကာ တစ်ပင်မှာ ဒူးရင်းသီးအလုံးပေါင်း ၅၀၀ ကျော် ထွက်ရှိကြောင်း၊ တစ်ဧကစီ သီးသန့်စိုက်ပျိုးခြင်းမရှိဘဲ အခြားနှစ်ရှည်သီးနှံဖြစ်သော မင်းကွတ်၊ ကွမ်းသီးပင်ကဲ့သို့သော အပင်များနှင့် ကြားညှပ်စိုက်ပျိုးကြကြောင်း၊ အပင်အသက် ၁၀ နှစ်သားခန့်တွင် အသီးစတင်သီးပြီး သက်တမ်းရာနှင့်ချီ၍ အသီးခူးယူနိုင်ကြောင်း တောင်သူများက ပြောကြားသည်။

ကရင်ပြည်နယ်ဒေသမှ တောင်ငူမြို့ ပွဲရုံများသို့ တောင်အောက်ဒူးရင်းသီးများ စတင်ဝင်ရောက်လျက်ရှိပြီး တစ်နေ့လျှင် အလုံးရေတစ်သောင်းခွဲဝန်းကျင်ခန့် ဝင်ရောက်လျက်ရှိကာ တောင်ပေါ်သီး တောင်အောက်သီး ဖြိုင်ဖြိုင်ထွက်ချိန်တွင် တစ်နေ့လျှင် အလုံးရေ တစ်သိန်းဝန်းကျင်ခန့် ဝင်ရောက်ကြောင်း သိရသည်။ ဒူးရင်းသီးများကို တောင်ငူပွဲရုံများမှ တစ်ဆင့် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ နေပြည်တော်များသို့ ကားများ၊ ရထားများဖြင့် ပြန်လည်တင်ပို့ရောင်းချသည်။ လတ်တလော တောင်ငူမြို့ပွဲရုံပေါက်ဈေး တစ်လုံးလျှင် ရှယ်သီး ငွေကျပ် ၃၀၀၀၊ အကြီးသီး ငွေကျပ် ၂၅၀၀၊ လတ်ချော ငွေကျပ် ၂၀၀၀၊ အလတ် ငွေကျပ် ၁၅၀၀၊ အသေး ငွေကျပ် ၁၀၀၀နှုန်းရှိပြီး အကွဲသီးနှင့် အနာသီးများကို သင့်ရာဈေးဖြင့် ဒေသတွင်း၌ ပြန်လည်ရောင်းချကြကြောင်း သိရှိရသည်။

(၁၂၃)



ထောက်ပံ့ပေးအပ်

လမ်းမတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ဝန်ထမ်းသားသမီးများအား ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို မေ ၃၀ ရက်က မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က ဝန်ထမ်းသားသမီး ၁၁ ဦးအား ထောက်ပံ့ငွေ၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ငါးရစ်ငါးသန့်

ဘေးမဲ့ချန်

ပုံမှန်စားသုံး

မျိုးမသုဉ်း

အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇွန် ၁ ရက်)

အတွေ့အကြုံနှင့်လူမှုဘဝ

လူ့လောက၌ အသက်ရှင်နေထိုင်သမျှကာလပတ်လုံး လူတိုင်းသည် မည်သည့်အကြောင်းအရာကိစ္စတို့၌မဆို အတွေ့အကြုံများ ရယူထားသင့်ပေသည်။ အတွေ့အကြုံသည် ဘဝ၏ဆရာ၊ အတွေ့အကြုံသည် ဘဝ၏လမ်းညွှန်၊ အတွေ့အကြုံသည် ဘဝ၏ဦးဆောင်သူဖြစ်သည်ဟု ခံယူထိုက်ပေသည်။

"ဗာဟုသစ္စဉ္စသိပ္ပဉ္စ"လောကီလောကုတ်တို့၌ ဗဟုသုတအကြားအမြင်များခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်ဟု ရှင်တော်ဗုဒ္ဓက ဟောကြားခဲ့ဖူးလေသည်။ ထိုဗဟုသုတအကြားအမြင်များသည် အတွေ့အကြုံများ အပေါ်အခြေခံသည်။ အတွေ့အကြုံများလေ ဗဟုသုတအကြားအမြင်လည်းများလေဖြစ်၏။ ထို့ကြောင့် အတွေ့အကြုံများရန် လိုအပ်၏။

ဤသို့ဆိုလျှင် အတွေ့အကြုံများရယူရန်ကား နည်းလမ်းများစွာရှိ၏။ အလုပ်အကိုင်တစ်ခုခုသို့ဝင်ရောက်လုပ်ကိုင်ခြင်း၊ လေ့လာခြင်းတို့မှ အတွေ့အကြုံတစ်ခုရနိုင်၏။ လူတို့၏နေ့စဉ်လုပ်ငန်းဆောင်တာ အဝဝမှလည်း အတွေ့အကြုံများရနိုင်၏။ စာဖတ်ခြင်းဖြင့်လည်း အတွေ့အကြုံရနိုင်၏။ ထို့ကြောင့် အတွေ့အကြုံရနိုင်သော နည်းလမ်းသည် များစွာရှိ၏။

အတွေ့အကြုံရယူရန် နည်းလမ်းကောင်းတစ်ခုသည်ကား နေ့စဉ်လူမှုဘဝမှရနိုင်၏။ လူအများနှင့်ပြောဆိုဆက်ဆံခြင်း၊ တိုင်ပင်နှီးနှောခြင်း၊ ဆွေးနွေးခြင်းတို့မှရနိုင်၏။ လူအများနှင့်ဆက်ဆံပြောဆိုခြင်းဆိုရာ၌ မိမိထက်တော်သည် တတ်သည်ဟုယူဆရသော ပုဂ္ဂိုလ်များနှင့်တိုင်ပင်ဆွေးနွေးခြင်းဖြင့် အတွေ့အကြုံကောင်းများရနိုင်၏။ ၎င်းတို့၏ ပြောဆိုသည့်အကြောင်းအရာကောင်းများကို စာအုပ်တစ်အုပ်နှင့်မှတ်သားသည့်အလေ့အကျင့်ကောင်းတစ်ခုကိုပြုသင့်၏။ မကောင်းသောအတွေ့အကြုံများကိုပယ်ပြီး ကောင်းသောအတွေ့အကြုံဗဟုသုတများရယူသင့်၏။

တစ်ဖန် ခရီးသွားလာခြင်းသည်လည်း ဒေသန္တရဗဟုသုတအတွေ့အကြုံများ ရစေနိုင်၏။ "သွားပါများ ခရီးရောက်၊ မေးပါများစကားရ"ဆိုသည့်အတိုင်း ခရီးများများသွားသင့်သည်။ ခရီးသွားသည့်အခါ အချည်းအနှီးမဖြစ်စေရန် စာအုပ်တစ်အုပ်ဖြင့် တွေ့ကြုံရသည့်အကြောင်းအရာများကို မှတ်သားသင့်၏။ ခရီးလမ်းတစ်လျှောက်တွင် သိကျွမ်းသည်ဖြစ်စေ၊ မသိကျွမ်းသည်ဖြစ်စေ လူအများနှင့်မေးမြန်းခြင်း၊ စူးစမ်းခြင်း၊လေ့လာခြင်းများပြုသင့်၏။

သို့ဖြစ်၍ လူငယ်လူရွယ်တိုင်းသည် ငယ်ရွယ်စဉ်ဘဝတွင် အတွေ့အကြုံများများရယူထားသင့်၏။ ထို့ကြောင့် စကားများများပြောပါ။ လူအများနှင့်ဆက်ဆံပါ၊ ကောင်းမွန်သောအတွေ့အကြုံများကို မှတ်သားနာယူပါ၊ ခရီးများများသွားပါ၊ လေ့လာပါ၊ စူးစမ်းပါဟူ၍ အကြံပြုတိုက်တွန်းလိုက်ရပါသည်။ ။

နှစ်တစ်နှစ်၏ အကောင်းဆုံးစံပြဝန်ထမ်းရွေးချယ်ခြင်းလူတွေ့စစ်ဆေး အရည်အသွေးမြင့်မားရေးနှင့် လုပ်ငန်းဆိုင်ရာကျွမ်းကျင်ရေးအစဉ်လေ့လာ

နေပြည်တော် မေ ၃၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့တွင် ဂုဏ်ပြုဆုချီးမြှင့်နိုင်ရေးအတွက် နှစ်တစ်နှစ်၏ အကောင်းဆုံးစံပြဝန်ထမ်း (Man of the Year) ရွေးချယ်ခြင်း လူတွေ့စစ်ဆေးခြင်းကို မေ ၃၀ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အစည်းအဝေးခန်းမနှင့် ပြည်သူ့အင်အား ဦးစီးဌာနခန်းမတို့၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒုတိယဝန်ကြီးဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် စံပြဝန်ထမ်းရွေးချယ်ခြင်းအတွက် ဦးစီးဌာနရုံးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အစစ်ဆေးခံဝန်ထမ်းများအား တွေ့ဆုံကာ (ဝဲပုံ) ဝန်ထမ်းအရည်အသွေးမြင့်မားရေး၊ လုပ်ငန်းဆိုင်ရာကျွမ်းကျင်ရေး၊ ဗဟုသုတ ပြည့်စုံကြွယ်ဝရေးတို့အတွက် အစဉ်လေ့လာဆည်းပူးကြရေး မှာကြားသည်။

စံပြဝန်ထမ်းရွေးချယ်ခြင်း ဗဟိုအဆင့်ရေးဖြေစာမေးပွဲကို မေ ၂၅ ရက် နံနက်ပိုင်းတွင် ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီးဖြစ်သည်။

စံပြဝန်ထမ်းရွေးချယ်ခြင်းကို တစ်နှစ်နီးပါး အချိန်ယူ၍ မြို့နယ်အဆင့်ရေးဖြေ၊ လူတွေ့စစ်ဆေးခြင်း၊ ကွန်ပျူတာနှင့် ဘာသာစကားကျွမ်းကျင်မှုစစ်ဆေးခြင်း၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အဆင့်ဆင့်စစ်ဆေးရွေးချယ်ပြီး ဗဟိုအဆင့် စစ်ဆေးခြင်းဖြစ်ကြောင်းနှင့် ဝန်ထမ်းများအား မိမိတို့ဌာနလုပ်ငန်းများနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ သိရှိနားလည်၍ ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်တတ်စေရန်၊ နိုင်ငံတော်၏ ခေတ်စနစ်နှင့်အညီ ပြောင်းလဲနေသော မူဝါဒလုပ်ငန်းစဉ်များအား သိရှိနားလည်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပင်လောင်းမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်

ပင်လောင်း မေ ၃၁

ပင်လောင်းမြို့နယ် လိန်းညား ကျေးရွာအုပ်စု ကောင်ဗာ-ထီဗိ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မေ ၂၂ ရက် နံနက် ၇ နာရီခွဲက ကောင်ဗာရွာမင်္ဂလာမုခ်ဦးတွင် ကျင်းပရာ ပင်လောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်း၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင် ဦးခွန်လှဆန်း၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဘချစ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပင်လောင်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အလှူငွေ ၁ ဒသမ ၅ သိန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က အလှူငွေကျပ်တစ်သိန်း၊ ဦးခွန်မောင်တီးက အလှူငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

အဆိုပါ ကောင်ဗာ-ထီဗိကတ္တရာလမ်းသစ်သည် အရှည်ပေ ၇၀၀၀ နှင့် အကျယ် ၁၀ ပေရှိပြီး အလှူရှင်များက အလှူငွေကျပ် ၂၇၅ သိန်း၊ ဒေသခံပြည်သူများက ပစ္စည်းနှင့်လုပ်အားထည့်ဝင်ငွေ ကျပ် ၅၇၅ သိန်း စုစုပေါင်း သိန်း ၈၅၀ ဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

လမ်းသစ်ဖောက်လုပ်နိုင်သည့်အတွက် ကောင်ဗာရွာ၊ တတောက်ရွာ၊ ညောင်မူး (တရွတ်မူး)ရွာ၊ တခါးယဉ်ရွာ၊ ဟံတနျားရွာ၊ လိန်းညားရွာနှင့် ထီဗိရွာ ကျေးရွာခုနစ်ရွာမှ ပြည်သူလူထု ၅၀၀၀ ကျော်၏ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပြီး ယခင်ကထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကွန်ပျူတာပညာရှင်အသင်း အသိအမှတ်ပြုစာမေးပွဲများကျင်းပမည်

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA) အသိအမှတ်ပြုစာမေးပွဲများကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့်အသင်းခွဲများ တည်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဇွန် ၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ တစ်ပြိုင်နက်ကျင်းပစစ်ဆေးသွားမည်ဖြစ်သည်။

စာရင်းပေးသွင်း

စာမေးပွဲတွင် MCPA Certified Fundamental Software Engineer (FSE) နှင့် MCPA Certified NetworkAssociate (NA)တို့ကို ဝင်ရောက်ဖြေဆိုနိုင်ပြီး ဇွန် ၁၃ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွက် စာမေးပွဲကို လှိုင်မြို့နယ် မြန်မာအင်ဖိုတက်၌ ဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲအတွက် အနီးကပ်ပို့ချချက်ကို ဇွန် ၈ ရက်မှ ၁၀ ရက်အထိ ပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။ **(၁၆၈)**

အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားဧည့်သည်များအနေဖြင့် နိုင်ငံခြားငွေများ လွတ်လပ်စွာ လဲလှယ်ရောင်းဝယ်နိုင်စေရန်အတွက် နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာ (Money Changer Counter) များကို (၁-၁၀-၂၀၁၁) ရက်နေ့မှ စတင်၍ မြန်မာနိုင်ငံအတွင်း အောက်ဖော်ပြပါနေရာများတွင် ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသည်-

စဉ်	မြို့	နေရာ	အရေအတွက်
(က)	နေပြည်တော်	စည်ပင်ဘဏ်ရုံးချုပ်၊ အင်းဝဘဏ်(ပျဉ်းမနား)	၂ ခု
(ခ)	ရန်ကုန်	လေဆိပ်	၂ ခု
	״	သိမ်ဖြူလမ်း	၇ ခု
	״	ဗိုလ်ချုပ်အောင်ဆန်းဈေး	၅ ခု
	״	လသာလမ်း	၂ ခု
	״	**ဘဏ်ရုံးချုပ်များ** (အင်းဝ၊သမ၊ထွန်းဖောင်ဒေးရှင်း၊မြန်မာ့အရှေ့တိုင်း၊ အာရှရန်ကုန်၊ ပထမပုဂ္ဂလိကဘဏ်)	၆ ခု
	״	**ဘဏ်ခွဲများ** ရိုးမဘဏ်ခွဲ (FMI)၊ ကမ္ဘောဇဘဏ်ခွဲ (ဘဏ်လမ်း)၊ သမဘဏ်ခွဲ (မင်္ဂလာဈေး၊ ဘုရင့်နောင်၊ ဝိဇယ)၊ အာရှရန်ကုန် (မရမ်းကုန်း)၊ မြဝတီဘဏ်ခွဲ (ဆူးလေ)၊ စက်မှုဘဏ်ခွဲ၊ မြန်မာနိုင်ငံသားများဘဏ်ခွဲ၊ ရောဝတီဘဏ်ခွဲ(၂)၊ စည်ပင်ဘဏ်ခွဲ၊ မွေး/ရေဘဏ်ခွဲ	၁၂ ခု
	״	ဟိုတယ်များ Espace Avenir Hotel၊ Central Hotel	၂ ခု
	״	Shopping Malls Myanmar Shopping Mall၊ Junction Square	၂ ခု
(ဂ)	မန္တလေး	လေဆိပ်	၂ ခု
	״	**ဘဏ်ခွဲများ** ကမ္ဘောဇဘဏ်ခွဲ၊ သမဘဏ်ခွဲ (၁၊၂၊၃)၊ မြဝတီဘဏ်ခွဲ၊ စက်မှုဘဏ်ခွဲ၊ ရောဝတီဘဏ်ခွဲ၊ ယူနိုက်တက်အမရာဘဏ်ခွဲ၊ မြန်မာ့အရှေ့တိုင်း၊ အင်းဝဘဏ်ခွဲ၊ပထမပုဂ္ဂလိကဘဏ်ခွဲ	၁၁ ခု
(ဃ)	တောင်ကြီး	ကမ္ဘောဇဘဏ်ခွဲ၊ ပထမပုဂ္ဂလိကဘဏ်ခွဲ၊ သမဘဏ်ခွဲ	၃ ခု
(င)	ညောင်ရွှေ	ကမ္ဘောဇဘဏ်ခွဲ၊ မြန်မာ့ရှေ့ဆောင်ဘဏ်ခွဲ	၂ ခု
(စ)	ဟဲဟိုး	လေဆိပ်	၁ ခု
(ဆ)	စစ်တွေ	ကမ္ဘောဇဘဏ်ခွဲ	၁ ခု
(ဇ)	ညောင်ဦး	ညောင်ဦးလေဆိပ်	၁ ခု
(ဈ)	မူဆယ်	မြန်မာနိုင်ငံသားများဘဏ်ခွဲ	၁ ခု
		စုစုပေါင်း	၆၂ ခု

၂။ သို့ဖြစ်ပါ၍ နိုင်ငံခြားငွေများ လဲလှယ်ရောင်းဝယ်ရာတွင် အဆင်ပြေလွယ်ကူစေရန်အတွက် Money Changer Counter များအား ဆက်လက်တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ရာ နိုင်ငံခြားငွေလဲလှယ်ရောင်းဝယ်လိုသူများအနေဖြင့် သတ်မှတ်နေရာများတွင်သာ လဲလှယ်ရောင်းဝယ်မှု ပြုလုပ်ကြပါရန်နှင့် တရားမဝင်ရောင်းဝယ်သူများအား တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အထက(၂) ယုဇနခန်းမတွင် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနှင့် ချို့တဲ့ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မေ ၂၉ ရက်က ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်း အမှာစကားပြောကြားစဉ်။ (မြို့နယ် ထွေ/အုပ်)

ကျောင်းဖွင့်ချိန်

- ❒ **တောင်လေဖြူးဖြူး မုတ်သုံမြူး မိုးဦး ရွာလေပြီ။**
- ❒ **မုတ်သုံမိုးဖျန်း စိမ်းစိုလန်း အေးချမ်း သာယာသည်။**
- ❒ **အေးချမ်းသာယာ ဒီချိန်ခါ စာသင်ကျောင်းများ ဖွင့်နေပြီ။**
- ❒ **ကျောင်းဥယျာဉ်နန်း ပညာပန်း မွှေးလန်း ကြိုင်သင်းကြည်။**
- ❒ **ပညာပန်းခိုင် မွှေးလန်းကြိုင် အပိုင် ခူးဆွတ်မည်။**
- ❒ **ပညာသင်ဖို့ ကျောင်းတော်သို့ မောင်တို့မယ်တို့ သွားကြပြီ။ ။**

ရေနံ့သာမောင်ကျော်ညွန့်

မြန်မာ့ရုပ်မြင်သံကြား

၁-၆-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ကျန်းမာဖို့အတူကစားစို့
၇:၃၀ နံနက်ခင်းသတင်း

ညပိုင်း

၄:၅၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရူပဗေဒ၊ဓာတုဗေဒ၊သင်္ချာ အထူးပြုများ) (ရူပဗေဒ)
၅:၁၀ မြန်မာစာ၊ မြန်မာစကား
၅:၂၅ မိုးဦး၊မိုးလယ်၊မိုးနှောင်း ခန့်မှန်းချက်များနှင့်မုန်တိုင်း ဖြစ်ပေါ်နိုင်မှုအခြေအနေ
၆:၀၀ ညနေခင်းသတင်း
၆:၁၅ မိုးလေဝသအခြေအနေ
၆:၂၀ ရသစုံလင်အင်တာနက်ဥယျာဉ်
၈:၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- **သူ့အကြိုက်ကိုယ့်အကြိုက်** စောမင်းနောင်၊မျိုးဆွေသန့်၊ မြသက်ထားခင် (ဒါရိုက်တာ-မျိုးအေး)

ဆောင်းသီးနှံမြေပဲနှင့်နေကြာစိုက်တောင်သူများ အင်းတော်၌ ယမန်နှစ်ကထက် ဈေးကောင်းရ

အင်းတော် မေ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ ဆောင်းသီးနှံမြေပဲကို ယခုနှစ်ရာသီ၌ စုစုပေါင်းဧက ၂၀၉၇၉ စိုက်ပျိုးနိုင်ပြီး နေကြာစုစုပေါင်းစိုက်ဧက ၁၀၈၇၄ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ယမန်နှစ်က တစ်ဧက မြေပဲ တင်း ၆၀ နှုန်းနှင့် နေကြာတစ်ဧက ၂၅ တင်းနှုန်းသာ ထွက်ခဲ့ပါတယ်။ သီးနှံဈေးနှုန်းလည်း ထင်သလောက်မရခဲ့ပါဘူး။ မြေပဲတစ်တင်း ငွေကျပ် ၄၀၀၀ ကျော်နှင့် နေကြာတစ်တင်း ငွေကျပ် ၂၅၀၀ နှုန်းသာ ရရှိခဲ့တဲ့အတွက် အကျိုးအမြတ်နည်းပါးခဲ့ပါတယ်။

"ယခုနှစ်မှာ မြေပဲလည်း ဖော်တဲ့လူဖော်ပြီးကြပြီ၊ မဖော်သေးတဲ့လူတွေလည်း ဥနှုန်းတွေကောင်းနေတဲ့အတွက် အထွက်နှုန်းလည်း ဘာပဲဆိုဆိုယမန်နှစ်က ထက်ပိုပါတယ်။ ဈေးအားဖြင့်လည်း ကောင်းကောင်းရရှိနေပါတယ်။ တစ်တင်းကို ငွေကျပ် ၈၀၀၀ မှ ၉၀၀၀ အထိရရှိနေတဲ့အတွက် အကျိုးအမြတ်များမှာ ဖြစ်ပါတယ်"ဟု အင်းတော်မြို့နယ်မှ ဆောင်းသီးနှံမြေပဲနှင့် နေကြာစိုက်ပျိုးကြသော တောင်သူများ၏ ပြောကြားချက်အရ သိရသည်။

မိသားစုဝင်ငွေတိုး

ထို့ကြောင့် အင်းတော်မြို့နယ်၏ ဆောင်းဆီထွက်သီးနှံ မြေပဲနှင့်နေကြာမှာ ယမန်နှစ်ကထက် ဈေးကောင်းရသဖြင့် မိသားစုဝင်ငွေတိုးကာ တောင်သူများ ဝမ်းသာလျက်ရှိနေကြကြောင်း သိရှိရသည်။ **(၁၅၆)**

မေ ၂၇ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် အမှတ် (၁၂)ရပ်ကွက် ကာယသုခလမ်း ကံဘဲ့ခမ္မရိပ်သာတွင် ရန်ကင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူး၍ ပြည်သူများအား မူခင်းကျဆင်းရေး အသိပညာပေး ဆွေးနွေးပွဲကျင်းပရာ ရဲအုပ်ကိုကိုကြီး ဆွေးနွေးစဉ်။ (၀၄၃)

ဥပဒေ ဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်း ရန်ကွာ လွန်ချမ်းသာ

နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

Space x အာကာသကုန်တင်ယာဉ် ကမ္ဘာသို့ ပြန်လည်ဆင်းသက်



ကိတ်ကာနေဗယ် မေ ၃၁

နိုင်ငံတကာအာကာသယာဉ်စခန်းတွင် ရောက်ရှိနေသော Space x အာကာသကုန်တင်ယာဉ်သည် မေ ၃၁ ရက် နံနက် ၄နာရီ ၀၅ မိနစ်က နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် ချိတ်ဆက်ထားရာမှ ဖြုတ်ကာ ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်လာပြီဖြစ်ကြောင်း နာဆာက သတင်းထုတ်ပြန်သည်။

အဆိုပါ Space x အာကာသကုန်တင်ယာဉ် **(ဝဲပုံ)** သည် ပထမဆုံး ပုဂ္ဂလိကအာကာသကုန်တင်ယာဉ်ဖြစ်ပြီး ခေါင်းလောင်းပုံသဏ္ဍာန်တည်ဆောက်ထားသည့် အာကာသကုန်တင်ယာဉ်ဖြစ်သည်။ ၄င်းအာကာသကုန်တင်ယာဉ်သည် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့အနောက်တောင်ပိုင်း ၅၆၄ မိုင်ခန့်အကွာ ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ ဆင်းသက်မည်ဖြစ်သည်။ နာဆာသည် နိုင်ငံတကာအာကာသယာဉ်စခန်းသို့ အာကာသယာဉ် များ စေလွှတ်ရေးအစီအစဉ်ကို ပြီးခဲ့သည့်နှစ်က စတင်ရပ်နားခဲ့သည်။ သို့သော် ပုဂ္ဂလိကအာကာသယာဉ်များ စေလွှတ်ရေးကို နာဆာက ပူးပေါင်းဆောင်ရွက်ခဲ့ရာ ပုဂ္ဂလိကအာကာသကုန်တင်ယာဉ် ၁၂ စင်းအထိ လွှတ်တင်ရန် စီစဉ်ထားသည်။ ထိုသို့ လွှတ်တင်ရာတွင် ယခုနှစ်ကုန်၌ ဒုတိယမြောက် ပုဂ္ဂလိကအာကာသကုန်တင်ယာဉ်ကို လွှတ်တင်ရန် စီစဉ်ထားသည်။ ထို့အတူ အာကာသယာဉ်စမ်းသပ်လွှတ်တင်မှုများကိုလည်း လာမည့် ဩဂုတ်နှင့် စက်တင်ဘာလတို့တွင် ပြုလုပ်သွားမည်ဖြစ်သည်။ **(အင်တာနက်)**

ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ နိုင်ငံတကာလေဆိပ် တိုးချဲ့မည်

ဗန်ကောက် မေ ၃၁

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်၌ သုဝဏ္ဏဘူမိ နိုင်ငံတကာလေဆိပ်ကြီး **(ယာပုံ)** ကို ထပ်မံတိုးချဲ့တည်ဆောက်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၆ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံမှ အေအိုတီကုမ္ပဏီက မေ ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ထိုသို့ လေဆိပ်တိုးချဲ့တည်ဆောက်မှုလုပ်ငန်းများကို ဇွန် ၁ ရက်မှစတင်ကာ အစီအစဉ်များရေးပြီး ဆောင်ရွက်တော့မည်ဖြစ်ကြောင်း၊ သဘောတူညီမှုများလည်း ရရှိထားပြီးဖြစ်ကြောင်း အေအိုတီကုမ္ပဏီဥက္ကဋ္ဌ အင်နာနပ်သွန်ကူဘူတရာက ပြောကြားသည်။

သုဝဏ္ဏဘူမိနိုင်ငံတကာလေဆိပ်ကို တိုးချဲ့တည်ဆောက်ပြီးပါက တစ်နှစ်လျှင် ခရီးသည် သန်း ၆၀ အထိ ဝင်ထွက်သွားလာနိုင်မည်ဖြစ်သည်။ လက်ရှိအနေအထား၌ သုဝဏ္ဏဘူမိလေဆိပ်သည် တစ်နှစ်လျှင် ခရီးသည် ၄၅ သန်းခန့်သာ ဝင်ထွက်နိုင်ရာ လိုအပ်ချက်ဖြစ်ပေါ်နေသဖြင့် လေဆိပ်တိုးချဲ့တည်ဆောက်ရန် စီစဉ်ရခြင်းဖြစ်သည်။

ဆင်းသက်

သုဝဏ္ဏဘူမိ နိုင်ငံတကာလေဆိပ်မှာ ဗန်ကောက်မြို့မှ ၂၅ ကီလိုမီတာအကွာတွင် တည်ရှိကာ ၂၀၀၆ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ခရီးသည်နှင့် လေယာဉ်များ ဝင်ထွက်သွားလာခွင့်ပြုခဲ့သည်။ သုဝဏ္ဏဘူမိနိုင်ငံတကာလေဆိပ်သည် လက်ရှိအချိန်၌ တစ်နာရီလျှင် လေယာဉ် ၇၆ စင်း ဆင်းသက်ထွက်ခွာလျက်ရှိသည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် – စုစည်းသည်

ဂျာမနီလုပ် အီလက်ထရွန်နစ်ရထားများ ရုရှားမှာယူ

ဆိုချီ မေ ၃၁

ရုရှားနိုင်ငံက ၂၀၁၄ ခုနှစ် ဆိုချီအိုလံပစ်ပွဲတော်အတွက် အသုံးပြုရန် အီလက်ထရွန်နစ်ရထားသစ်တစ်စင်းကို မေ ၃၁ ရက်က စတင်မိတ်ဆက်စမ်းသပ်ပြေးဆွဲခဲ့ကြောင်း ရုရှားအရာရှိများက သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

စီစဉ်ထား

ရုရှားနိုင်ငံ၏ ပင်လယ်နက်အပန်းဖြေဆိပ်ကမ်းမြို့ဖြစ်သော ဆိုချီတွင် ၂၀၁၄ ခုနှစ်၌ ဆိုချီဆောင်းရာသီအိုလံပစ်ပွဲတော် ကျင်းပမည်ဖြစ်သည်။ ယင်းအိုလံပစ်ပွဲတော်ကာလအတွင်း ပရိသတ်များအတွက် အထူးအစီအစဉ်အဖြစ် အီလက်ထရွန်နစ်ရထားသစ်တစ်စင်းကို ပြေးဆွဲပေးရန် စီစဉ်ထားခြင်းဖြစ်သည်။

ဆောင်းရာသီ အိုလံပစ်ပွဲတော်ကာလအတွင်း ကားလမ်းပိတ်ဆို့မှုများ မဖြစ်ပေါ်စေရန် ဂျာမနီလုပ် ကားရထားငါးစင်းလည်း ပြေးဆွဲပေးမည်ဖြစ်သည်။ ယင်းကားရထားများနှင့် အီလက်ထရွန်နစ်ရထားကို ရုရှားနိုင်ငံပိုင် အာဇက်ဒီကုမ္ပဏီနှင့် ဂျာမနီမှ ဆီးမင်းအေဂျီကုမ္ပဏီတို့က ပူးတွဲတည်ဆောက်ထားခြင်းဖြစ်သည်။

ပို့ဆောင်ပေးမည်

ယခု အီလက်ထရွန်နစ်ရထားသည် ခရီးသည် ၈၀၀ တင်ဆောင်နိုင်ပြီး တစ်နာရီလျှင် ကီလိုမီတာ ၁၆၀ နှုန်း မောင်းနှင်နိုင်သည်။ ရုရှားနိုင်ငံက အဆိုပါရထားမျိုး စုစုပေါင်း ၅၄ စင်းကို ဂျာမနီမှ မှာယူထားရာ ပထမအသုတ်အနေဖြင့် အီလက်ထရွန်နစ်ရထား ၃၈ စင်း ပို့ဆောင်ပေးမည်ဖြစ်သည်။ ၄င်းရထားများကို ရုရှားနိုင်ငံ ကာဇန်မြို့၌ လာမည့်နှစ်တွင်ကျင်းပမည့် ကမ္ဘာ့ကျောင်းသား အားကစားပွဲတော်ကာလအတွင်း၌လည်း အသုံးပြုသွားမည်ဖြစ်သည်။ **(အင်တာနက်)**

နျူထိပ်ဖူးသယ်နိုင်သည့် တာတိုပစ်ဒုံးပျံ ပါကစ္စတန်အောင်မြင်စွာစမ်းသပ်ပစ်လွှတ်

အစ္စလမ္မာဘတ် မေ ၃၁

ပါကစ္စတန်စစ်ဘက်က နျူကလီးယားထိပ်ဖူးများသယ်ဆောင်နိုင်သည့် တာတိုပစ်ဒုံးပျံ **(ဝဲပုံ)** ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်လိုက်ကြောင်း ပါကစ္စတန်နိုင်ငံက ကြေညာသည်။

သမားရိုးကျ ထိပ်ဖူးများပါ သယ်ဆောင်နိုင်သည့် တာတို (ကီလိုမီတာ ၆၀) ပစ် ဟက်ဖ်-၉ ဒုံးပျံကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်က မေ ၂၉ ရက်တွင် ကြေညာသည်။

အိန္ဒိယနိုင်ငံက တာဝေးပစ် အက်နီ-၅ ဒုံးပျံကို ပြီးခဲ့သည့်လက အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်အပြီးတွင် ပါကစ္စတန်နိုင်ငံက ဒုံးပျံသုံးစင်းကို စမ်းသပ်ပစ်လွှတ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အာဖဂန်နှင့်နေတိုး ပူးတွဲထိုးစစ်ဆင် ၂၂ ဦးသေဆုံး

ခို့စ် မေ ၃၁

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော် အရှေ့တောင်ဘက် ကီလိုမီတာ ၁၅၀ အကွာ ခို့စ်ပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုအကူအညီဖြင့် အာဖဂန်နစ္စတန်နှင့် နေတိုးတပ်ဖွဲ့ဝင်များ၏ ပူးတွဲထိုးစစ်ဆင်မှုကြောင့် နိုင်ငံခြားသား ၁၈ ဦး အပါအဝင် စုစုပေါင်း ၂၂ ဦး သေဆုံးကြောင်း တာဝန်ရှိသူတစ်ဦးက မေ ၃၀ ရက်တွင် ပြောကြားသည်။

ခို့စ်ပြည်နယ်မူဆာစီးခရိုင် ဂိုဇာကျေးရွာတွင် မေ ၂၈ ရက်က အာဖဂန်နစ္စတန်နှင့်နေတိုးတပ်ဖွဲ့ဝင်များ၏ ပူးတွဲထိုးစစ်ကြောင့် ဒေသခံတာလီဘန်လက်နက်ကိုင်လေးဦးနှင့် နိုင်ငံခြားသား ၁၈ ဦး သေဆုံးခဲ့ကြောင်း ထိုဒေသရှိ နယ်စောင့်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ စစ်ဆင်ရေးအတွင်း သေဆုံးသည့်သူများတွင် ပါကစ္စတန်၊ ဥဇဘက်ကစ္စတန်နှင့် ချေချင်းညာဒေသမှ အကြမ်းဖက်သမားသုံးဦး ပါဝင်သည်ဆိုသည်။ **(အင်တာနက်)**

အမေရိကန်နိုင်ငံ၌ လေယာဉ်ငယ်ပြေးလမ်းချော်မှုဖြစ်ပွား

နယူးယောက် မေ ၃၁

အမေရိကန်နိုင်ငံ ကော်လိုရာဒိုလေဆိပ်တွင် လေယာဉ်ငယ်တစ်စင်းအရှိန်လွန်မှုကြောင့် ပြေးလမ်းချော်ကာ အသက် ၆၅ နှစ်အရွယ် အမျိုးသားကြီးတစ်ဦးသေဆုံးပြီး သမီးဖြစ်သူမှာ ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်အရာရှိများက မေ ၃၁ ရက်တွင် ပြောကြားသည်။ **(ယာပုံ)**

တင်ပို့ပေးထား

၎င်းလေယာဉ်သည် အင်ဂျင်တစ်လုံးတပ်လေယာဉ်ဖြစ်ပြီး ကော်လိုရာဒိုလေဆိပ်ပြေးလမ်းပေါ်သို့ ဆင်းသက်စဉ် အရှိန်လွန်မှုကြောင့် လေယာဉ်ပြေးလမ်းကိုကျော်လွန်ပြီး မြက်တောအတွင်းသို့ ရောက်ရှိကာ လေယာဉ်ထိခိုက်ပျက်စီးခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသည့် အသက် ၄၂ နှစ်အရွယ် လူရာဂျန်တက်ကာဘာရီ အမည်ရှိ အမျိုးသမီးမှာ ဒဏ်ရာပြင်းထန်မှုကြောင့် မြောက်ကော်လိုရာဒိုဆေးရုံသို့ တင်ပို့ပေးထားရသည်။

အဆိုပါလေယာဉ်သည် ပျံသန်းနေစဉ် အင်ဂျင်ချွတ်ယွင်းမှုဖြစ်ပြီး လေဆိပ်သို့အဆင်းတွင် အရှိန်မထိန်းနိုင်ဘဲ ပြေးလမ်းချော်ကာ သေဆုံးဒဏ်ရာရမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

၃၁-၅-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

ပြင်သစ်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်း အမြင့်ဆုံးအဆင့်ရောက်ရှိ

ပြင်သစ်နိုင်ငံ အလုပ်လက်မဲ့ဦးရေသည် ပြီးခဲ့သည့်လ ၂၀ ကျော်အတွင်း ဆက်တိုက်မြင့်တက်လာခဲ့ကြောင်း အသစ်ထုတ်ပြန်သည့် ပြင်သစ်အလုပ်လက်မဲ့စာရင်းဇယားတွင် ဖော်ပြထားသည်။

*ပြင်သစ်နိုင်ငံတွင် မည်သည့်ရာစုနှစ်နှင့်မျှမတူဘဲ ယခုနှစ် ဧပြီလတွင် အလုပ်ရှာဖွေသူဦးရေ ပိုမိုများပြားခဲ့ကြောင်း ပြင်သစ်အလုပ်သမားဝန်ကြီးဌာနမှ မေ ၃၀ ရက်တွင် ပြောကြားသည်။ နိုင်ငံအတွင်း၌ လာမည့်လများတွင်လည်း အလုပ်ပြုတ်သူဦးရေ ပိုမိုမြင့်တက်လာနိုင်သည်ဟု ခန့်မှန်းထားကြောင်း ရိုက်တာသတင်းဌာနက ထပ်လောင်းဖော်ပြသည်။ ပြင်သစ်နိုင်ငံ၏ အလုပ်လက်မဲ့ဦးရေမှာ ၄၅၀၀ မှ ၂ ဒသမ ၈၉ သန်းအထိ မြင့်တက်လာခဲ့ကြောင်း၊ ၁၉၉၉ခုနှစ် စက်တင်ဘာလ နောက်ပိုင်းကတည်းက နိုင်ငံအတွင်း အလုပ်လက်မဲ့ဦးရေ အမြင့်ဆုံးရောက်ရှိခဲ့ဖြစ်ကြောင်း အဆိုပါအလုပ်သမားဝန်ကြီးဌာန၏ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။ **(အပေါ်ပုံ)***

အဆိုပါထုတ်ပြန်ချက်သည် မေလအလယ်ပိုင်းက ကြားဖြတ်အစိုးရအဖွဲ့က သမ္မတသစ်ဖရန်ဆွာ ဟော်လန်ဒီအား ရွေးချယ်တင်မြှောက်ခဲ့သည့်နောက်ပိုင်း ပြင်သစ်အလုပ်သမားဝန်ကြီးဌာနက ပထမဆုံးအကြိမ် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အီဂျစ်တွင် ပြန်ပေးဆွဲခံရသည့် အမေရိကန်ခရီးသည်နှစ်ဦး ပြန်လွတ်လာ

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်တွင် မေ ၃၁ ရက် နံနက်က ဒေသတွင်းရှိ ဘက်ဒိုယင်လူမျိုးစုလက်နက်ကိုင်များပြန်ပေးဆွဲဖမ်းဆီးသွားသည့် အမေရိကန်ခရီးသည်နှစ်ဦးသည် ၁၁ နာရီကျော်ကြာ ဖမ်းဆီးခံခဲ့ရပြီးနောက် ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း ဒေသဆိုင်ရာလုံခြုံရေးအရာရှိများက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

လူမျိုးစုခေါင်းဆောင်များနှင့် ပြန်ပေးဆွဲသမားများအကြား အတန်ကြာဆွေးနွေးပြီးနောက် အဆိုပါ အမေရိကန်ခရီးသည်နှစ်ဦးမှာ ပြန်လည်လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်။ ယင်းခရီးသည်နှစ်ဦးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိပြီး ဆိုင်းနိုင်းတောင်ပိုင်းရှိ လူမျိုးစုခေါင်းဆောင် မာမွတ်အီဟက်နာဝီလက်သို့ ပြန်လည်ပေးအပ်ခဲ့သည်။ အမေရိကန်ခရီးသည်နှစ်ဦးသည် နွေဗာမြို့သို့ ခရီးသွားနေစဉ် လက်နက်ကိုင်သမားများက ဒါဟက်မြို့အနီးမှ ပြန်ပေးဆွဲဖမ်းဆီးသွားခဲ့ခြင်းဖြစ်ပြီး ယင်းလက်နက်ကိုင်များက မေ ၃၁ ရက်၌ မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးသွားခဲ့သည့် ၎င်းတို့လူတစ်ဦးအား ပြန်လည်လွတ်ပေးရန် တောင်းဆိုခဲ့သည်။ အဆိုပါလုံခြုံရေးအရာရှိ၏ ပြောကြားချက်အရ အမေရိကန်ခရီးသည်နှစ်ဦးသည် ယင်းနေ့ နံနက် ၃ နာရီခန့်တွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ဆိုင်းနိုင်းကျွန်းဆွယ်ဒေသတွင် ပြီးခဲ့သည့်ဖေဖော်ဝါရီလက ထိုကဲ့သို့ ပြန်ပေးဆွဲမှုပေါင်း လေးကြိမ်ဖြစ်ပေါ်ခဲ့သည်။ (အင်တာနက်)

အာကာသသိပ္ပံ

ခရမ်းလွန်ရောင်ခြည်သုံး အာကာသအဝေးကြည့်မှန်ပြောင်းထုတ်လုပ်

လော့စ်အိန်ဂျလိစ် မေ ၃၁

ခရမ်းလွန်ရောင်ခြည်သုံး အာကာသအဝေးကြည့်မှန်ပြောင်းများ တပ်ဆင်ထားသည့် အာကာသလေ့လာရေးအဝေးကြည့်မှန်ပြောင်းကြီးတစ်ခုကို နာဆာ သိပ္ပံပညာရှင်များနှင့် ကယ်လီဖိုးနီးယားနည်းပညာသိပ္ပံမှ ပညာရှင်များ ပူးပေါင်းထုတ်လုပ်ရန် စီစဉ်နေပြီဖြစ်ကြောင်း မေ ၂၇ ရက်၌ သတင်းထုတ်ပြန်သည်။ ***(ယာပုံ)***

အဆိုပါမှန်ပြောင်းကြီးတွင် အာကာသစကြဝဠာအတွင်း အလွန်သက်တမ်းရင့်သော ကြယ်တာရာအစုအဝေးများဖြစ်တည်နေမှုကို ထင်ရှားစွာ ရှာဖွေတွေ့ရှိနိုင်မည်ဟု ၎င်းတို့က ပြောကြားသည်။ ထို့အပြင် သက်တမ်းရင့်ကြယ်တာရာများ၏ အဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်မှုကိုလည်း အသေးစိတ်လေ့လာနိုင်မည်ဖြစ်သည်။

ယင်းအာကာသအဝေးကြည့်မှန်ပြောင်းသည် အာကာသအတွင်း ဖြစ်ပေါ်နေသောဂြိုဟ်နှင့် ကြယ်တာရာများနှင့် ပတ်သက်သည့်အသေးစိတ်အချက်အလက်များကို အမြန်ဆုံးရယူထုတ်ပြန်ပေးနိုင်မည်ဖြစ်ရာ အာကာသယာဉ်များနှင့် အာကာသယာဉ်မှူးများအတွက် အထောက်အကူများစွာပေးနိုင်မည်ဖြစ်သည်။

ထို့အတူ အလင်းရောင်တောက်ပလျက်ရှိသော ကြယ်တာရာများ၊ ထူးခြားမှုဖြစ်ပေါ်နေသောဂြိုဟ်များနှင့် ပတ်သက်၍လည်း အသေးစိတ်လေ့လာသုတေသနပြုနိုင်ရန်လည်း ၎င်းအာကာသအဝေးကြည့်မှန်ပြောင်းက အထောက်အကူပေးနိုင်မည်ဖြစ်သည်။

ထို့အပြင် အာကာသစကြဝဠာအတွင်းမှ ဂြိုဟ်သိမ်ဂြိုဟ်မွှားများ ကမ္ဘာ့လေထုအတွင်းနှင့် အာကာသအတွင်း လွင့်မျောနေမှု၊ ကျရောက်လာမှုများကိုလည်း ကြိုတင်သိရှိနိုင်စွမ်းရှိမည်ဖြစ်သည်။ တစ်ဖန် အာကာသအတွင်း ဂြိုဟ်များ၊ ကြယ်တာရာများကို မြင်ကွင်းအကျယ်ဆုံးအဖြစ် မြင်တွေ့ကြည့်ရှုလေ့လာနိုင်ရန်လည်း ၎င်းအာကာသအဝေးကြည့်မှန်ပြောင်းကြီးကို ထုတ်လုပ်ထားခြင်းဖြစ်သည်။ ***(အင်တာနက်)***



ဇွန် ၄ ရက်တွင် လကြတ်မှုဖြစ်ပေါ်မည်

လန်ဒန် မေ ၃၁

လာမည့် ဇွန် ၄ ရက်တွင် လကြတ်မှုဖြစ်ပေါ်မည်ဖြစ်ကြောင်း ဗြိတိန်အာကာသသိပ္ပံပညာရှင်များက မေ ၃၁ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။ ယင်းလကြတ်မှုသည် ၂၀၁၂ ခုနှစ်အတွက် ပထမဆုံးလကြတ်မှုပင်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ **(ဝဲပုံ)**

ထိုသို့လကြတ်မှုကို မြောက်အမေရိက၊ တောင်အမေရိက၊ ဩစတြေးလျ၊ အာရှအရှေ့ပိုင်းဒေသများနှင့် ပစိဖိတ်သမုဒ္ဒရာ အနားသတ်နိုင်ငံများတွင်ဖြစ်ကြောင်း၊ ရာသီဥတုကောင်းမွန်ပါက ၎င်းဒေသများမှပြည်သူများ လကြတ်မှုဖြစ်စဉ်ကို ထင်ရှားစွာမြင်တွေ့ရမည်ဖြစ်ကြောင်း ဗြိတိန်အာကာသသိပ္ပံပညာရှင်များက ပြောကြားသည်။

အပြည့်အဝမြင်တွေ့ရမည်

လကြတ်မှုကို အမေရိကန်နိုင်ငံ အရှေ့ပိုင်းပြည်နယ်များမှလည်း တွေ့မြင်နိုင်မည်ဖြစ်ပြီး အပြည့်အဝလကြတ်မှု ဖြစ်ပေါ်မည်ဖြစ်သည်။ အထူးသဖြင့် မစ္စစ္စပီပြည်နယ်ဒေသခံပြည်သူများက လကြတ်မှုကို အပြည့်အဝမြင်တွေ့ကြရမည်ဖြစ်သည်။

ထို့အတူ အာရှနိုင်ငံအချို့၌လည်း ဇွန် ၄ ရက်ညတွင် လကြတ်မှုကို အပြည့်အဝ မြင်တွေ့နိုင်ပြီး ကမ္ဘာ့အစိတ်အပိုင်းအများအပြားသည် မှောင်အတိဖုံးလွှမ်းသွားနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

မောင်ချစ်ကြည်-စုစည်းသည်

စေတန်ဂြိုဟ်၏ အရံဂြိုဟ် အာလူးသီးပုံသဏ္ဌာန်ရှိ

အီသီကာ မေ ၃၁

စေတန်ဂြိုဟ်၏ အရံလတစ်စင်းဖြစ်သည့် Oddball တွင် ရေခဲများဖုံးလွှမ်းပြီး ရေညှိတက်နေသည့် ပုံသဏ္ဌာန်ကို တွေ့ရကြောင်း၊ ယင်းဂြိုဟ်ပေါ်တွင် ရေနှင့်ကာဗွန်ဒိုင်အောက်ဆိုက်နှစ်မျိုးစလုံးတည်ရှိကြောင်း နာဆာအဖွဲ့က လေ့လာတွေ့ရှိထားသည်။ *(အောက်ပုံ)*

အဆိုပါဂြိုဟ်သည် အာလူးသီးပုံသဏ္ဌာန်ရှိပြီး မျက်နှာပြင်မှာ ပျားအုံမျက်နှာပြင်ဖြစ်နေသည်ကို တွေ့ရကြောင်း နာဆာမှလွှတ်တင်ထားသော ကက်စီနီအာကာသယာဉ်မှ ရိုက်ကူးထားသည့် ဓာတ်ပုံအရ လေ့လာတွေ့ရှိခဲ့သည်။

ပြောကြား

နာဆာအဖွဲ့က ကက်စီနီအာကာသယာဉ်ကို ၂၀၀၅ ခုနှစ် စက်တင်ဘာလက လွှတ်တင်ထားခဲ့ပြီး အဆိုပါ ဂြိုဟ်ကို အနီးကပ်လေ့လာခဲ့သည်။ ဟိုက်ဒရိုကာဗွန်နှင့် သံတို့ပါဝင်ရောနှောနေသည့် ဒြပ်ပေါင်းတစ်မျိုးကြောင့် ၎င်းဂြိုဟ်ကြီးမှာ အနီရောင်ထွက်ပေါ်နေခြင်းဖြစ်ကြောင်း သုတေသီများက ပြောကြားသည်။



ဖန်တီးနေ

အခြားသော သုတေသနအဖွဲ့တစ်ဖွဲ့က ယင်းဂြိုဟ်ကြီးကို ဟိုက်ပါအိုင်းယွန်းဟု ခေါ်ဆိုပြီး ဂြိုဟ်မျက်နှာပြင်မှ အမှုန်များပွဲထွက်နေရာမှ နေအဖွဲ့အစည်းတစ်ခုကို ဖြစ်ပေါ်စေအောင် ဖန်တီးနေသည်ဟု ဆိုသည်။ *(အင်တာနက်)*

မြန်မာ့အလင်း ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား မိုးမြင့်လင်းလက်-စုစည်းသည်

နိုင်ငံတကာလှည့်လည်ဖျော်ဖြေသည့် ကမ္ဘာ့အသက်အကြီးဆုံးအဆိုတော်

လန်ဒန် မေ ၃၁

ဗြိတိန်နိုင်ငံသား အဆိုတော် အင်ဂီလ်ဘက်ဟမ်ပါဒင့် **(အောက်ပုံ)**သည် နိုင်ငံတကာလှည့်လည်ဖျော်ဖြေသည့် ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသားအဆိုတော်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ မေ ၃၁ ရက်တွင် ဖော်ပြခံရသည်။

အဆိုတော်ကြီး အင်ဂီလ်ဘက်ဟမ်ပါဒင့်သည် အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့တွင် မေ ၂၆ ရက်က ကျင်းပခဲ့သော တေးဂီတဖျော်ဖြေပွဲကျင်းပချိန်၌ သူ၏အသက်သည် ၇၆ နှစ် ၂၄ ရက်ရှိပြီဖြစ်သည်။ ယင်းဂီတဖျော်ဖြေပွဲသည် အဆိုတော်အင်ဂီလ်ဘက်ဟမ်ပါဒင့်၏ နိုင်ငံတကာတေးဂီတဖျော်ဖြေပွဲ (၅၇)ကြိမ်မြောက်လည်းဖြစ်သည်။

အဆိုတော် အင်ဂီလ်ဘက်ဟမ်ပါဒင့်၏ ပထမဆုံး နိုင်ငံတကာတေးဂီတဖျော်ဖြေပွဲသည် ၁၉၅၆ ခုနှစ် မေ ၂၄ ရက်က ဆွစ်ဇာလန်နိုင်ငံ လူဂါနိုမြို့တွင် ကျင်းပခဲ့သော ဂီတပွဲတော်ဖြစ်သည်။ ထိုအချိန်က သူ၏အသက်မှာ ၂၀ သာရှိသေးသည်။

အင်ဂီလ်ဘက်ဟမ်ပါဒင့်၏ အအောင်မြင်ဆုံးတေးအယ်လ်ဘမ်မှာ ၁၉၆၇ ခုနှစ် ဇန်နဝါရီ ၂၆ ရက်က ဖြန့်ချိခဲ့သော Release Me အမည်ရှိ တေးအယ်လ်ဘမ်ဖြစ်သည်။ သူသည် ယူရိုဗီးရှင်းတေးဂီတဖျော်ဖြေပွဲများကို ဥရောပနိုင်ငံများတွင် နှစ်စဉ်လှည့်လည်ဖျော်ဖြေခဲ့ရာ လူကြိုက်များသော အမျိုးသားအဆိုတော်တစ်ဦးအဖြစ်လည်း လူသိများခဲ့သူဖြစ်သည်။

ထို့ကြောင့် အင်ဂီလ်ဘက်ဟမ်ပါဒင့်သည် ကမ္ဘာပေါ်တွင် အသက်အကြီးဆုံး တေးဂီတဖျော်ဖြေပွဲများ ကျင်းပနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသူဖြစ်သည်။ အသက်ရှင်နေသမျှ ဂီတဖျော်ဖြေပွဲများ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံတကာသို့ လှည့်လည်ကာ ဂီတဖျော်ဖြေပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း မိမိဖျော်ဖြေမှုအား နှစ်ခြိုက်အားပေးသည့် ပရိသတ်များအတွက် မိမိအမြဲအသင့်ရှိနေမည်ဖြစ်ကြောင်း အင်ဂီလ်ဘက်ဟမ်ပါဒင့်က ပြောကြားသည်။ **(အင်တာနက်)**

လူတစ်ဦးအား လက်တစ်ဖက်တည်းဖြင့် အချိန်အကြာဆုံး မ ထားနိုင်သူ

ရောမ မေ ၃၁

ဂျာမနီနိုင်ငံသား မာကတ်စ်ဖာဘာအမည်ရှိ အမျိုးသားတစ်ဦးသည် သူ၏လက်တစ်ဖက်ပေါ်တွင် မတ်တတ်ရပ်အနေအထားဖြင့် လူတစ်ဦးအား အချိန်အကြာဆုံး မ တင်ထားနိုင်သည့် လူသားအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ မေ ၃၁ ရက်တွင် ဖော်ပြခံရသည်။

မာကတ်စ်ဖာဘာ**(ဝဲပုံ)**သည် အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပသည့် စွမ်းရည်ပြပွဲ၌ ၎င်း၏ လက်တစ်ဖက်တည်းဖြင့် လူတစ်ဦးအား အချိန် ၁ မိနစ် ၁၆ စက္ကန့်ကြာအောင် မထားနိုင်ကြောင်း ပြသနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၄၅ နှစ်အရွယ်ရှိ မာကတ်စ်ဖာဘာသည် ထိုသို့စွမ်းရည်ရရှိရန် သီတင်းတစ်ပတ်လျှင် ခြောက်ရက်ခန့် လေ့ကျင့်မှုများပြုလုပ်ခဲ့သည်။ အဆိုပါလေ့ကျင့်ခန်းကို လွန်ခဲ့သည့် ၁၅ နှစ်ခန့်ကပင် ပုံမှန်လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် သူသည် ငယ်စဉ်ကပင် ပခုံးပေါ်တွင် သံချောင်းကို အချိန်အတန်ကြာထမ်းပိုးခြင်း၊ ကလေးငယ်များကို လက်တစ်ဖက်တည်းဖြင့် မနိုင်ခြင်းများကို အမြဲတမ်းပြုလုပ်လေ့ရှိသူဖြစ်သည်။ တစ်ဖန်ပုံမှန်အလေးမခြင်းများကိုလည်း လေ့ကျင့်ခဲ့သူဖြစ်သည်။

ယခင်က ကမ္ဘာ့စံချိန်တင်ထားသည်မှာ အချိန် ၁ မိနစ်ဖြစ်သည်။ အဆိုပါစံချိန်ကို မာကတ်စ်ဖာဘာကပင် လွန်ခဲ့သည့် ၂၀၁၀ ခုနှစ်က တင်ထားခဲ့ခြင်းဖြစ်သည်။ သူသည် လာမည့်နှစ်၌ လက်နှစ်ဖက်ပေါ်တွင် လူနှစ်ဦးအား တစ်ပြိုင်တည်း မတင်ကာ အချိန်အကြာဆုံး ကမ္ဘာ့စံချိန်တင်နိုင်သူဖြစ်ရန် ကြိုးစားမည်ဟု မာကတ်စ်ဖာဘာက ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာပေါ်တွင် ဆံပင်အရှည်ဆုံးအမျိုးသမီး

ပေကျင်း မေ ၃၁

တရုတ်နိုင်ငံသူ စီကျူပင်းအမည်ရှိ အမျိုးသမီးသည် ကမ္ဘာပေါ်တွင် ဆံပင်အရှည်ဆုံးအမျိုးသမီးတစ်ဦးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ မေ ၃၁ ရက်က ဖော်ပြခံရသည်။

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် နေထိုင်သော စီကျူပင်း (ယာပုံ) ၏ ဆံပင်အရှည်မှာ ၁၈ ပေ ၅ ဒသမ ၅၄ လက်မရှိရာ သူမ၏ ဆံပင်ကို လျှော်ရာတွင် အကူအညီ အမျိုးသမီးသုံးဦးတို့က ဝိုင်းဝန်းဆောင်ရွက်ပေးရသူဖြစ်သည်။ တစ်ဖန် ဆံပင်ကို ဘီးဖြင့်ဖြီးရာတွင်လည်း တခြားအမျိုးသမီးနှစ်ဦးတို့က ကူညီပေးရသည်။

စီကျူပင်းသည် သူမ အသက် ၁၃ နှစ်အရွယ်က စတင်ကာ ဆံပင်အရှည်ထားခဲ့ခြင်းဖြစ်ရာ ယခုအခါ အသက် ၅၀ ရှိပြီဖြစ်သည်။ ထိုကာလအတွင်း သူမ၏ ဆံပင်များကို တစ်ကြိမ်တစ်ခါမျှ ဖြတ်တောက်ခြင်းမပြုခဲ့ကြောင်း ဆံပင်အလှပြင်ဆိုင်များသို့လည်း တစ်ကြိမ်တစ်ခါမျှ မသွားခဲ့ဖူးကြောင်း စီကျူပင်းက ပြောကြားသည်။

သူမသည် ဂင်းနက်စ်မှတ်တမ်းတင်နိုင်ရန်အတွက် ဆံပင်အရှည်ကို ထားခဲ့ခြင်းမဟုတ်ကြောင်း၊ ဆံပင်အရှည်ထားမှုကို မြတ်နိုး၍ ဖြစ်ကြောင်း၊ တရုတ်အမျိုးသမီးများတွင် စံနမူနာတစ်ရပ်အဖြစ် ပြသလို၍ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

မိမိအသက်ရှင်နေသမျှကာလပတ်လုံး ဆံပင်များကို ဖြတ်တောက်မည် မဟုတ်ကြောင်း၊ ဆံပင်အလွန်အမင်းရှည်နေမှုကြောင့် နေထိုင်သွားလာမှု ခက်ခဲသော်လည်း ယခုအခါ အလေ့အကျင့်ရရှိနေပြီဖြစ်ကြောင်း စီကျူပင်းက ပြောကြားသည်။ *(အင်တာနက်)*

■ *ကျောဖုံးမှ*

ယခုနှစ် မိုးရာသီ၌ ပဲခူး၊ သနပ်ပင်၊ ကဝနှင့် ဝေါမြို့နယ်များမှ ဒေသခံနှင့် တောင်သူလယ်သမားများ ရေကြီးနစ်မြုပ်မှုဘေးမှ သက်သာရာရပေတော့မည်။ စိုးရိမ်သောက ပူပင်များလျော့ပါးစေတော့မည်။ ထိုသို့ဖြစ်စေရန် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနတို့မှ တာဝန်ရှိသူအဆင့်ဆင့်တို့က ပဲခူးမြစ်ရေမလျှံရန်၊ ရေကြီးနစ်မြုပ်မှု မရှိစေရန် ပဲခူးရိုးမတောင်တန်းများပေါ်မှ စီးဆင်းလာသည့် တောင်ကျချောင်းများကိုပိတ်ကာ ကိုဒူကွဲရေလှောင်တမံ၊ ရွှေလောင်းရေလှောင်တမံ၊ စလူရေလှောင်တမံများ တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ရေနုတ်မြောင်းများလည်း တူးဖော်ပေးခဲ့သည့်အပြင် ပဲခူးမြစ်အတွင်း သောင်ခုံများလည်း တူးဖော်ခဲ့ပြီးဖြစ်ရာ ရေစီးရေလာကောင်းပြီး ပဲခူးမြစ်မှ ရေထုတ်အားကောင်းစေခဲ့ပြီ။

ပြီးစီးအောင်ဆောင်ရွက်

ယခု ကိုဒူကွဲ၊ စလူ၊ ရွှေလောင်းရေလှောင်တမံများနှင့် ဇောင်းတူရေလွှဲဆည်မှ ပိုလျှံလာသော ရေများကို ဇောင်းတူရေလွှဲဆည်၏ရေထုတ်ပေါက်မှတစ်ဆင့် မိုးယွန်းကြီးအင်းအတွင်းသို့ ရေသွယ်မြောင်းတူးဖော်ပြီး ရေဖြည့်ပေးမည့် ဇောင်းတူ-မိုးယွန်းကြီးအင်း ရေသွယ်မြောင်း၊ ဇောင်းတူ ရေလွှဲဆည်မှ ရေများကို ပဲခူး-စစ်တောင်းတူးမြောင်းအတွင်းပို့လွှတ်မည့် ဇောင်းတူ-စွန်ပိရေသွယ်မြောင်း၊ ဇောင်းတူရေလွှဲဆည်မှ ရေများကို ကျိုက်လှရွာအနီးမှတစ်ဆင့် ပဲခူး-စစ်တောင်း တူးမြောင်းအတွင်းပို့လွှတ်မည့် ဇောင်းတူ-ကျိုက်လှ ရေသွယ်မြောင်းတို့ကို ဆည်မြောင်းဦးစီးဌာနအောက်ရှိ တည်ဆောက်ရေး(၁) တာဝန်ယူတည်ဆောက်နေရာ ယခုနှစ်မိုးရာသီမတိုင်မီ လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်မည်ဟု သိရသည်။

ထို့ကြောင့် ရေသွယ်မြောင်းများ တူးဖော်ဖောက်လုပ်ထားမှုကို သတင်းအဖွဲ့ ကွင်းဆင်းလေ့လာခဲ့သည်။ ဇောင်းတူ-မိုးယွန်းကြီးအင်း ရေသွယ်မြောင်းမှာ အလျား ၁၀ ဒသမ ၂၂ မိုင်ရှည်သည်။ ဇောင်းတူ တူးမြောင်းမကြီးအောက်ခြေအကျယ်ကို မူလ ပေ ၂၀မှ ယခု ပေ ၄၀ အထိရှိအောင် စက်ယန္တရားများဖြင့် တူးဖော်ခဲ့ပြီး လက်တံမြောင်းအမှတ်(၂)ကိုလည်း အောက်ခြေအကျယ်ပေ ၃၀၊ အမြင့် ၁၀ ပေအထိ ပြုပြင်တိုးချဲ့တူးဖော်ခဲ့ရာ အရှည် ၅ ဒသမ ၂၂ မိုင်အထိ တူးဖော်ပေးထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ဇောင်းတူ တူးမြောင်းမကြီးနှင့် လက်တံမြောင်း(၂) တို့ဆုံရာနေရာမှ စတင်ပြီး ပိုလျှံရေများကို လက်တံမြောင်း(၂)မှ ခွဲဝေကာ ဝါးကတုတ်ချောင်း (ဘုရားလေးချောင်း) အတွင်း ချပေးမည်ဖြစ်သည်။ ဇောင်းတူရေသောက်စနစ် လက်တံမြောင်း(၂)၏ မူလ အရွယ်အစားမှာ အကျယ် ရှစ်ပေနှင့်အမြင့် လေးပေသာရှိရာမှ ယခုအခါ လက်ဝဲဘက်သို့ ချဲ့ထွင်ပြီး အောက်ခြေ ပေ ၃၀ အကျယ်နှင့်အမြင့် ၁၀ ပေရှိသော တူးမြောင်းအဖြစ် ပြုပြင်တည်ဆောက်ပေးထားသည်ကို တွေ့ရသည်။

တူးဖော်ဆောင်ရွက်

ထိုအခါ ဝါးကတုတ်ချောင်း (ဘုရားလေးချောင်း)မှတစ်ဆင့် မိုးယွန်းကြီးအင်းအတွင်းသို့ ရေစီးအားကောင်းစွာဖြင့် ရေများ ဖြည့်ပေးနိုင်တော့မည် ဖြစ်သည်။ နွေရာသီတွင် မိုးယွန်းကြီးအင်းအတွင်းရှိ ရေပြင်အနေအထားနှင့် မိုးယွန်းကြီးအင်းအပြင်တွင်ရှိသော ရေပြင်အနေအထား အနိမ့်အမြင့် ကွာခြားမှုအရ မိုးယွန်းကြီးအင်းအတွင်းမှ ရေများကို မိုးယွန်းကြီး ရေတံခါးများမှတစ်ဆင့် ရေများ ထုတ်နုတ်ချပေးနိုင်မည်ဖြစ်သည်။ မိုးရာသီတွင် မိုးယွန်းကြီးအင်းအတွင်း ရေသိုလှောင်မှုပမာဏများပြားလာပါက မိုးယွန်းကြီးအင်းအတွင်းမှ ရေများအား အတွင်းအပြင် ရေမျက်နှာပြင်ကွာဟမှုမရှိသဖြင့် ရေပမာဏအနည်းငယ်သာ ထုတ်ယူနိုင်မည်ဖြစ်သည်။ ဒေသအတွင်း ရေကြီးနစ်မြုပ်မှုကို လျော့ကျစေပြီး စိုက်ပျိုးရေ ရရှိရေးအတွက် အထောက်အကူပေးနိုင်မည် ဖြစ်သည်ကို တွေ့ရသည်။ ဒေသအကျိုး၊ တောင်သူလယ်သမားအကျိုးဖြစ်စေမည့် ဇောင်းတူ-မိုးယွန်းကြီးအင်း ရေသွယ်မြောင်းတူးဖော်ဆောင်ရွက်မှုပင်ဖြစ်သည်။

ထို့နောက် ဇောင်းတူ-စွန်ပိ ရေသွယ်မြောင်း တူးဖော်ထားမှုကို လေ့လာရန် ဆက်လက်ထွက်ခွာခဲ့သည်။ ဇောင်းတူ- စွန်ပိ ရေသွယ်မြောင်းကား အလျား ၁၆ ဒသမ ၅ မိုင် ရှည်ကြောင်း သိရသည်။ ဇောင်းတူ-စွန်ပိ ရေသွယ်မြောင်းကို ရေစီးအားကောင်းစေရန်အတွက် ဇောင်းတူ တူးမြောင်းမကြီးအား အောက်ခြေအကျယ် ပေ၂၀ တူးဖော်ခြင်းလုပ်ငန်းများနှင့် လက်တံမြောင်း(၇)အား အောက်ခြေအကျယ် ပေ၂၀ အထိ တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ရေများတသွင်သွင်စီးဆင်းနေပြီဖြစ်သည်။ ထို့အပြင် စွန်ပိချောင်းကိုလည်း ရေစီးဆင်းမှု အားကောင်းရန် တိုးချဲ့တူးဖော်ပေးပြီးဖြစ်ရာ ပဲခူးမြစ်ရေများကို ဇောင်းတူ-စွန်ပိရေသွယ်မြောင်းမှတစ်ဆင့် စွန်ပိချောင်းကိုဖြတ်သန်းကာ ပဲခူး-စစ်တောင်း တူးမြောင်းအတွင်းသို့ စီးဆင်းရောက်ရှိစေရန် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း တွေ့ရသည်။ ယခင်က တိမ်ကောကျဉ်းမြောင်းနေသော တူးမြောင်းများနှင့် ချောင်းများကို ချဲ့ထွင်တူးဖော်နိုင်ခဲ့မှုကြောင့် မိုးရာသီ ရေကြီး ရေလျှံမှုနှင့် ရေနစ်မြုပ်မှုဘေးမှ သက်သာစေတော့မည်ဖြစ်သည်။ ဒေသခံပြည်သူများ၊ တောင်သူလယ်သမားအတွက် ဝမ်းမြောက်ဖွယ်ရာပင်။

ဆက်လက်ပြီး ဇောင်းတူ-ကျိုက်လှ ရေသွယ်မြောင်းတူးဖော်မှုအခြေအနေကို လေ့လာရန် ဆက်လက်ထွက်ခွာခဲ့သည်။ ဇောင်းတူ-ကျိုက်လှရေသွယ်မြောင်းသည် အရှည် ၆ မိုင်ရှိရာ ဇောင်းတူ တူးမြောင်းမကြီးအဆုံးအထိ အောက်ခြေအကျယ် ပေ ၂၀ တိုးချဲ့တူးဖော်ပေးခဲ့ပြီ ဖြစ်သည်ကို တွေ့ရသည်။ ထို့ကြောင့် ပဲခူးမြစ်မှ ရေများကို ဇောင်းတူ-ကျိုက်လှရေသွယ်မြောင်းမှတစ်ဆင့် ဆက်စပ်လျက်ရှိသော ကျိုက်လှချောင်းအတွင်း ချပေးပြီး ကျိုက်လှချောင်းအတိုင်းစီးဆင်းသွားစေကာ ကျိုက်လှရေတံခါးမှတစ်ဆင့် ပဲခူး-စစ်တောင်းတူးမြောင်းအတွင်းသို့ ရေများစီးဝင်သွားစေမည် ဖြစ်သည်။ ပဲခူးမြစ်ရေကြီးမှုကို ဤသို့ စနစ်တကျစီမံကိန်းချမှတ် ဆောင်ရွက်ထားမှုကြောင့် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းဒေသများ ရေကြီးနစ်မြုပ်မှုဘေးမှ အထိုက်အလျောက် ကာကွယ်ပေးနိုင်တော့မည်။ ရေကြီးနစ်မြုပ်ခံခဲ့ရသည့် လယ်မြေများစွာ ဖော်ထုတ်ပေးနိုင်တော့မည်။ လယ်ယာသီးနှံစိုက်ပျိုးမှု တိုးမြင့်လာပြီး ဒေသခံတောင်သူများ အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာစေတော့မည် ဖြစ်သည်။

ထို့အပြင် လိုအပ်ချိန်တွင် ဇောင်းတူရေသွယ်မြောင်းမှတစ်ဆင့် ပဲခူး-စစ်တောင်းတူးမြောင်းအတွင်း ရေချပြီး ပုဂံ-ညောင်ပင်ရေလွှဲပေါက်မှတစ်ဆင့် သနပ်ပင်၊ ခရမ်း၊ သုံးခွမြို့နယ်များသို့ ရေပေးဝေနိုင်ခြင်းကြောင့် သီးနှံများပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ကာ ရန်ကုန်တိုင်းဒေသကြီးအရှေ့ဘက်ခြမ်း မိုင် ၃၀ စိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်အကူပြုပေးနိုင်မည်ဖြစ်ရာ အကျိုးကျေးဇူးကြီးလှသည်။

ဇောင်းတူ ရေသွယ်မြောင်းတိုးချဲ့တူးဖော်ခြင်းလုပ်ငန်းသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးများကို တိုက်ရိုက်အကျိုးပြုစေသဖြင့် ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုကိုလည်း လျော့ပါးစေနိုင်သည်အထိ အကျိုးသက်ရောက်မှုရှိစေမည်ဖြစ်ရာ ကောက်ပင်စိမ်းမြမြတို့ ပြည့်နှက်နေသော လယ်ကွင်းများနှင့်အတူ ဒေသခံတို့ အပြုံးပန်းဝေဖြာနေမှု ပုံရိပ်များကို မြင်တွေ့ရတော့မည် ဖြစ်ပါကြောင်း။ **(မြန်မာ့အလင်း)**

မိုးရွာသဖြင့် တောင်သူများ ဝမ်းသာ

ဖြူး မေ ၃၁

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကျေးရွာအုပ်စု (၆၁) အုပ်စုအတွင်းရှိ တောင်သူများသည် ၂၀၁၂ ခုနှစ် မိုးစပါးစိုက်ဧကတစ်သိန်းကျော်စိုက်ပျိုးသွားကြရန်အချိန်နှင့်တစ်ပြေးညီ လယ်မြေများကို သဘာဝမြေဩဇာတိုက်ချခြင်း၊ ပျိုးထောင်ရန် လယ်မြေများကို ပြုပြင်ထွန်ယက်ခြင်းလုပ်ငန်းများ ကြိုတင်ပြင်ဆင်လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသော်လည်း ယခုနှစ်မိုးဦးခေါင်နေသဖြင့် လယ်ယာလုပ်ငန်းများ အထူးသဖြင့် ပျိုးထောင်ရန် အခက်တွေ့နေကြစဉ် မေ ၃၀ ရက် ညနေပိုင်းမှ စတင်၍ မိုးရွာသွန်းခဲ့သည်။ ထို့ကြောင့် ပျိုးကြဲရန် မိုးကိုမျှော်လင့်စောင့်စားနေခဲ့ကြသည့် တောင်သူများ ဝမ်းသာပျော်ရွှင်စွာ လယ်ယာလုပ်ငန်းများ ပြန်လည်စတင်လုပ်ကိုင်နေကြကြောင်း သိရသည်။ (၁၁၃)

မအူပင်မြို့ ဘိုးဘွားရိပ်သာတွင် တည်ထားကိုးကွယ်မည့် နဂါးဘုရားအတွက် ရေလဲလမ်းနေ ဦးဝင်းနိုင်-ဒေါ်သီတာနွယ်၊ သား မောင်ဝေလင်းခန့် (လေးညီ့ရှင် မီနီမတ်ကက်)မှ အလှူငွေကျပ် ၁၀ သိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာ တည်ဆောက်ရေးကော်မတီမှ တာဝန်ရှိသူများ လက်ခံယူစဉ်။ (စာပေနှင့်စာနယ်ဇင်းအဖွဲ့)

ဇောင်းတူ-မိုးယွန်းကြီးအင်း ရေသွယ်မြောင်းတူးဖော်ပြီးစီးမှုကို ဤသို့ တွေ့ရသည်။



မြန်မာ့အလင်း **နိုင်ငံတကာသတင်းမှတ်စု** **နိုင်ငံတကာသတင်းမှတ်စု**

ညီရင်းအစ်ကိုစိတ်ဓာတ်ဖြင့် ဖြေရှင်းရမည့် ဆူဒန်ပြဿနာများ

နိုင်ငံတကာက ဖိအားပေးလာမှုတို့ကြောင့် နယ်စပ်တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများကို ဆွေးနွေးအဖြေရှာရန် ဆူဒန်နှင့်တောင်ဆူဒန်နိုင်ငံတို့သည် အီသီယိုးပီးယားနိုင်ငံ၏ မြို့တော်အဒစ်အဘာဘာ၌ ဇွန် ၁ ရက်တွင် ပြန်လည်တွေ့ဆုံ ညှိနှိုင်းကြတော့မည်ဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။ အာဖရိကသမဂ္ဂ(အေယူ) ကြားဝင်စေ့စပ်ပေးသည့် အဒစ်အဘာဘာဆွေးနွေးပွဲတွင် နှစ်ဖက်တွေ့ကြသည့်အခါ ရေနံဖြတ်သန်းသယ်ဆောင်ခ၊ နယ်စပ်ပိုင်နက် အငြင်းပွားမှု အပါအဝင် နှစ်နိုင်ငံမဖြေရှင်းရသေးသည့် ကိစ္စများကို ဆွေးနွေးအဖြေရှာကြမည်ဟု မျှော်လင့်ရသည်။

ဆူဒန်နှင့် တောင်ဆူဒန်နိုင်ငံတို့၏ နယ်နိမိတ်ဆိုသည်မှာ အခြားသော အာဖရိကနိုင်ငံမှာကဲ့သို့ ပကတိယဉ်ကျေးမှု အခြေခံများကို လုံးဝထည့်မတွက်ဘဲ ၎င်းတို့စိတ်ကြိုက်ရေးဆွဲသတ်မှတ်ခဲ့ခြင်းသာ ဖြစ်သည်။

လူမျိုးစုံ

ဆူဒန်မြောက်ပိုင်းမှာ အများအားဖြင့် သဲကန္တာရနှင့် ပြည့်နှက်နေပြီး တောင်ပိုင်းမှာမူ တောတောင်နှင့် စိမ့်စမ်းများဖြင့် ပြည့်လျှံနေသည်။ မြောက်ပိုင်းသားများမှာ အာရပ်စကားပြော မွတ်စလင်များဖြစ်ပြီး တောင်ပိုင်းတွင် လူမျိုးစုများစုံလင်သည့်အပြင် အများစုမှာ ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသည်။

မြောက်ပိုင်းတွင် အစိုးရရုံးစိုက်သဖြင့် အစိုးရအနေဖြင့် ခွဲခြားအုပ်ချုပ်သည်ဟူ၍ တောင်ပိုင်းသားများက ရှုမြင်ကာ တောင်နှင့် မြောက်သမိုင်းနှင့်ချီပြီး မတည့်အတူနေဖြစ်ခဲ့သည်။ ၂၀၁၁ ခုနှစ် ဇူလိုင်လ ၉ ရက်တွင်မှ ဆူဒန် တောင်ပိုင်းသားများက ခွဲထွက်သဖြင့် တောင်ဆူဒန်

အာဖရိကသမဂ္ဂ(အေယူ)က ဆူဒန် ပြဿနာများနှင့် ပတ်သက်ပြီး ဤသို့ဆွေးနွေးခဲ့ကြသည်။

နိုင်ငံဟူ၍ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။

တောင်ဆူဒန်နိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ကြီး၏ ၁၉၃ နိုင်ငံမြောက် နောက်ဆုံးအဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။ နှစ်နိုင်ငံဆက်ဆံရေးမှာ အစကတည်းက ပြေလည်လှသည် မဟုတ်၊ အငြင်းပွားစရာများရှိခဲ့သည်။

ပြီးခဲ့သည့်လကမူ တောင်ဆူဒန်က ရေနံထွက်သည့် ဟက်လစ်ဒေသကို သိမ်းပိုက်သောအခါ နှစ်နိုင်ငံဆက်ဆံရေးမှာ တင်းမာလာပြီး မီးကုန်ယမ်းကုန် စစ်ပွဲဖြစ်ခမန်းအထိ ပြင်းထန်ခဲ့သည်။ ဆူဒန်နိုင်ငံက ကုလသမဂ္ဂနှင့် အာဖရိကသမဂ္ဂ (အေယူ)တို့ကို တိုင်ကြားခဲ့သည်။

ဆူဒန်နှင့် တောင်ဆူဒန်နိုင်ငံတို့သည် တစ်နိုင်ငံက အခြားနိုင်ငံအတွင်းရှိ လက်နက်ကိုင် အုပ်စုတို့ကို အားပေးနေသည်ဟုလည်း အပြန်အလှန် စွပ်စွဲလျက်ရှိသည်။ ကုလသမဂ္ဂ၏ အဆိုအရမူ တိုက်ပွဲဖြစ်ပွားသည့် ဒေသမှ

တိုး ➢ ရေးသားသည်

ရွှေ့ပြောင်းပေးရသည့် ပြည်သူ ၁၀၀၀၀၀ ရှိသည်ဟုသိရသည်။

ဆွေးနွေး

ဤအိမ်နီးချင်း နှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးအတွက် ပြန်လည်ပြုလုပ်သည့် စေ့စပ်ဆွေးနွေးပွဲများ အောင်မြင်အောင် အာဖရိကသမဂ္ဂ (အေယူ)က အစွမ်းကုန် ကြိုးပမ်းသွားမည် ဖြစ်ကြောင်း အေယူ ပြောရေးဆိုခွင့်ရှိသူ မက်နီက မေ ၂၈ ရက်တွင် ပြောကြားသည်။ လာမည့်ရက်များသည် အရေးကြီးပါကြောင်း၊ အောင်မြင်သည့် စေ့စပ်ဆွေးနွေးပွဲအတွက် နည်းလမ်းရှာဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ကိုလည်း ယုံကြည်မှုပိုရလာမည်ဖြစ်ကြောင်း အေယူပြောရေးဆိုခွင့်ရှိသူက ထည့်သွင်းပြောကြားသည်။

ရေနံကြွယ်ဝသည့် ဟက်လစ်ဒေသကို တောင်ဆူဒန်က ဧပြီလအတွင်းက သိမ်းပိုက်ပြီးနောက် ယင်းဒေသမှာ သူတို့ပိုင်ဆိုင်ကြောင်း၊ ဆူဒန်နိုင်ငံက ဤဒေသကို ခြေကုပ်ယူပြီး တိုက်ခိုက်နေသည်ဟုဆိုသောအခါ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက လက်မခံပေ။ ဟက်လစ်ဒေသကို တောင်ဆူဒန်က သိမ်းပိုက်ခြင်းမှာ ဆူဒန်နိုင်ငံ၏ အချုပ်အခြာအာဏာကို ချိုးဖောက်မှု တစ်ရပ်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ပြီးခဲ့သည့်လက အိမ်နီးချင်း နှစ်နိုင်ငံအကြား စစ်ရေးထိပ်တိုက် တွေ့သည့်အခါတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက နယ်စပ်တစ်လျှောက်နှစ်နိုင်ငံအတိုက်အခိုက်ရပ်ပြီး စေ့စပ်ဆွေး နွေးမှုများ ပြုလုပ်ရန် တိုက်တွန်းလိုက်သည်။

နိုင်ငံတကာ အသိုက်အဝန်း၏ ဖိအားပေးမှုကြောင့် ဆူဒန်နှင့် တောင်ဆူဒန်နိုင်ငံတို့သည် အီသီယိုးပီးယားနိုင်ငံ မြို့တော်အဒစ်အဘာဘာ၌ ဇွန် ၁ ရက်တွင် စေ့စပ်ဆွေးနွေးပွဲ ပြန်လည် ပြုလုပ်တော့မည်ဖြစ်သည်။

အနီးစပ်ဆုံးအဖြေ

ခက်ခဲနက်နဲသော ပြဿနာများကို ဖြေရှင်းရာတွင် ပင်ကို ပကတိအားဖြင့် စိတ်စေတနာအပြည့်အဝထားရှိကာ တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်းဖြင့်သာ အနီးစပ်ဆုံးအဖြေကို ရရှိဖြေရှင်းနိုင်မည် ဖြစ်သည်။

ထိုသို့မဟုတ်ပါက ဆူဒန်အရေးကား ပြေလည်သောရလဒ်ထွက်ပေါ်လာမည် မဟုတ်ချေ။

စေ့စပ် ဆွေးနွေးပွဲတွင် မတူကွဲပြားသော နယ်မြေအနေအထားတွင် အခြေချနေထိုင်ကာ ယဉ်ကျေးမှုစရိုက်ချင်း ခြားနားသော်လည်း တစ်ဖက်နှင့် တစ်ဖက် ညီအစ်ကိုစိတ်ဓာတ်ဖြင့် ဆွေးနွေးစေ့စပ်မှ အောင်မြင်မည်ဖြစ်သည်။

သို့မဟုတ်ပါက ဆူဒန်ပြဿနာသည် ဒေသဆိုင်ရာ ပြဿနာတစ်ရပ်အထိ ကြီးထွားလာမည်ဖြစ်ပြီး ဆိုးရွားသော အကျိုးသက်ရောက်မှုများကို ကြုံတွေ့ခံစားရမည်မှာ ဒေသခံပြည်သူများပင် ဖြစ်ပါကြောင်း။ ။

ကိုသစ္စာ ➤ ရေးသားသည်

တွမ်ခရုစ် သရုပ်ဆောင်ထားသည့် Jack Reacher ဇာတ်ကားပြသမည်

နယူးယောက် မေ ၃၁

ဟောလိဝုဒ်ရုပ်ရှင်မင်းသား တွမ်ခရုစ်ပါဝင်သရုပ်ဆောင်ထားသည့် Jack Reacher ဇာတ်ကားမှာ မကြာမီရုံတင်ပြသတော့မည်ဖြစ်သည်။ ထို့အပြင် Jack Reacher ဇာတ်ကားသည်တွမ်ခရုစ်၏ သရုပ်ဆောင်မှုနှင့်အံဝင်ခွင်ကျဖြစ်သည့် ဇာတ်ဝင်ခန်းများကို ယခုဇာတ်ကား၌ မြင်တွေ့ရမည်ဖြစ်သည်။

Jack Reacher ဇာတ်ကားသည် ကလေးငယ်များအပေါ်အခြေခံကာ ရိုက်ကူးထားသော ဇာတ်ကားဖြစ်ပြီး ဒါရိုက်တာ ဝါနာဟာဖော့ကရိုက်ကူးထားခြင်းဖြစ်သည်။ အသက် ၄၉ နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသား တွမ်ခရုစ် **(ဝဲပုံ)**သည် ၂၀၁၁ခုနှစ်က Mission: Impossible ဇာတ်ကား၌ အောင်မြင်မှုရရှိခဲ့ပြီး လူကြိုက်များခဲ့ရာ ဝင်ငွေစံချိန်တင်ရရှိခဲ့သည်။

ရုပ်ရှင်မင်းသားတွမ်ခရုစ်သည် သရုပ်ဆောင်၊ ထုတ်လုပ်သူ၊ ဇာတ်ညွှန်းရေးဆရာနှင့်ဒါရိုက်တာ အလုပ်တို့ကိုလည်းတွဲဖက်လုပ်ကိုင်လျက်ရှိရာ မကြာမီကိုယ်တိုင်ရိုက်ကူးသရုပ်ဆောင်မည့် The Blue ဇာတ်ကားကို ရိုက်ကူးရန်စီစဉ်လျက်ရှိသည်။ ယင်းဇာတ်ကားအပြင် ဟောလိဝုဒ်ရုပ်ရှင်မင်းသား လီယိုနာဒိုနှင့်တွဲဖက်သရုပ်ဆောင်ရမည့် ဇာတ်ကားသစ်တစ်ကားရိုက်ကူးရန်လည်း အစီအစဉ်ရှိကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ရုပ်ရှင်မင်းသမီး ဂျင်နီဖာလိုပက်ဇ် ကတ်စ်ပါစမတ်နှင့် လက်ထပ်တော့မည်

လော့စ်အိန်ဂျလိစ် မေ ၃၁

ဟောလိဝုဒ် ရုပ်ရှင်မင်းသမီးနှင့် အဆိုတော် ဂျင်နီဖာလိုပက်ဇ်တို့သည် အမေရိကန်နိုင်ငံ လပ်ဗီးဂတ်စ်မြို့၌ တေးဂီတ ဖျော်ဖြေပွဲတစ်ရပ် ကျင်းပပြုလုပ်ပြီး လော့စ်အိန်ဂျလိစ်မြို့သို့ ပြန်လည်ရောက်ရှိလာရာ သူမ၏ ယောက်ျားလေးမိတ်ဆွေ ကတ်စ်ပါစမတ်လည်း အတူလိုက်ပါလာကြောင်း မေ ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အသက် ၄၂ နှစ်အရွယ်ရှိ ဂျင်နီဖာလိုပက်ဇ် **(ယာပုံ)**သည် ၁၉၉၄ ခုနှစ်ကတည်းက ခင်ပွန်းဖြစ်သူ ဒေးဗစ်ခရုဇ်နှင့် ကွာရှင်းခဲ့ပြီးနောက် တစ်ဦးတည်း နေထိုင်လာခဲ့သူဖြစ်သည်။ ပြီးခဲ့သည့်နှစ်မှ စတင်ကာ ခေတ်ပေါ်တေးဂီတအကသမား အသက် ၂၅ နှစ်အရွယ် ကတ်စ်ပါစမတ်နှင့် တွဲနေခဲ့သူ ဖြစ်သည်။

လိုပက်ဇ်နှင့်ကတ်စ်ပါစမတ်တို့နှစ်ဦးတွဲပြီး တေးဂီတဖျော်ဖြေပွဲတစ်ရပ် ပြုလုပ်ရန်လည်း စီစဉ်လျက်ရှိသည်။ အဆိုတော်တစ်ဦးလည်းဖြစ်သော ဂျင်နီဖာလိုပက်ဇ်သည် ပြီးခဲ့သည့်နှစ်က Love အမည်ရှိ တေးအယ်လ်ဘမ် တစ်ချပ်ထုတ်လုပ်ဖြန့်ဖြူးခဲ့ရာ လူကြိုက်များခဲ့သည်။

လောလောဆယ်တွင် ဂျင်နီဖာလိုပက်ဇ်သည် What to Expect When You're Expecting ဇာတ်ကားရိုက်ကူးပြီးဖြစ်ရာ ဥရောပနိုင်ငံများတွင် ရုံတင်ပြသလျက်ရှိသည်။ ဂျင်နီဖာလိုပက်ဇ်၏ တစ်ကိုယ်တော် တေးအယ်လ်ဘမ်ဖြစ်သည့် On the Floor ကို ၂၀၁၁ ခုနှစ်က ထုတ်ဝေခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။

ထို့ကြောင့် ပြီးခဲ့သည့်နှစ်က ကမ္ဘာ့ဝင်ငွေအကောင်းဆုံးအမျိုးသမီးများစာရင်းတွင် အဆင့်ကိုးနေရာ၌ ရပ်တည်လျက်ရှိကြောင်း ဖောဘက်မဂ္ဂဇင်းက ထုတ်ပြန်သောစာရင်း၌ ဖော်ပြသည်။ ထို့အတူ ၂၀၁၁ ခုနှစ်က ကမ္ဘာ့အလှဆုံးအမျိုးသမီးများ စာရင်းတွင်လည်း ပါဝင်ကြောင်း People မဂ္ဂဇင်းက ဖော်ပြခဲ့သည်။

ယခု ၂၀၁၂ ခုနှစ်တွင် ဂျင်နီဖာလိုပက်ဇ်၏ တစ်နှစ်တာဝင်ငွေမှာ စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၂၅၀ ခန့် ရှိမည်ဟု မျှော်မှန်းထားသည်။ ထို့အပြင် မကြာမီ ယောက်ျားလေးမိတ်ဆွေကတ်စ်ပါစမတ်နှင့်လက်ထပ်ရန် စီစဉ်မည်ဖြစ်ကြောင်း သတင်းများ၌ ဖော်ပြသည်။ **(အင်တာနက်)**

မြန်မာ့အလင်း — နိုင်ငံတကာစီးပွားရေး

အာကာကျော်-ရေးသားသည်

အမေရိကန်ဒေါ်လာမသုံးဘဲ ယွမ်နှင့်ယန်းသုံးပြီး တိုက်ရိုက်ကုန်သွယ်မည်

ပေကျင်း မေ ၃၁

တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် အာရှတိုက်၏ အကြီးဆုံးစီးပွားရေးအင်အားကြီးနိုင်ငံများဖြစ်ကြသည့်အလျောက် ကုန်သွယ်မှုတို့ကို တိုးမြှင့်ရန် ရည်ရွယ်လျက် တရုတ်ယွမ်ငွေနှင့် ဂျပန်ယန်းငွေတို့ဖြင့် တိုက်ရိုက်ကုန်သွယ်မှုကို တရုတ်နိုင်ငံဘက်မှ ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း မေ ၂၉ ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။ **(အပေါ်ပုံ)**

ယင်းကဲ့သို့ ယွမ်ငွေနှင့်ယန်းငွေတို့ဖြင့် တိုက်ရိုက်ကုန်သွယ်နိုင်ကြမည်ဖြစ်၍ ကြားခံငွေကြေးဖြစ်သည့် အမေရိကန် ဒေါ်လာကို သုံးစရာမလိုတော့ဟု ဆိုသည်။ တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံနှင့် ရံဖန်ရံခါ ဆက်ဆံရေးတင်းမာမှုရှိသော်လည်း တရုတ်နိုင်ငံ၏ အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။

ကုန်သွယ်နိုင်ကြမည်

ဒီဇင်ဘာလအတွင်းက တရုတ်နှင့်ဂျပန် နှစ်နိုင်ငံခေါင်းဆောင်များသည် ဈေးကွက်မူဘောင်များအပေါ် အခြေခံပြီး နှစ်နိုင်ငံငွေကြေးဖြင့် တိုက်ရိုက်ကုန်သွယ်ရောင်းဝယ်ကြရန် သဘောတူညီ ခဲ့ကြခြင်းဖြစ်သည်။ ယင်းသဘောတူညီချက်အရ ဇွန် ၁ ရက်ကစ၍ တရုတ်ယွမ်နှင့် ဂျပန်ယန်းတို့ကို အသုံးပြုပြီး ကုန်သွယ်နိုင်ကြမည်ဟု ဆိုသည်။ **(အင်တာနက်)**

မြင့်မောင်စိုး – စုစည်းသည်

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲ အိမ်ရှင်ပိုလန်အသင်းဖိတ်ဆက်

ဝါဆော မေ ၃၁

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲများကို လာမည့် ဇွန် ၈ ရက်မှစပြီး ပိုလန်နှင့် ယူကရိန်းနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပတော့မည်ဖြစ်သည်။

စီစဉ်ထား

အိမ်ရှင်ပိုလန်အသင်းသည် အုပ်စု (A)တွင် ဂရိ၊ ရုရှားနှင့် ချက်သမ္မတနိုင်ငံအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဖွင့်ပွဲစဉ်အဖြစ် ပိုလန်အသင်းသည် ဇွန် ၈ ရက်တွင် ဝါဆောမြို့၌ ဂရိအသင်းနှင့်လည်းကောင်း၊ ဇွန် ၁၂ ရက်တွင် ဝါဆောမြို့၌ ရုရှားအသင်းနှင့်လည်းကောင်း၊ ဇွန် ၁၆ ရက်တွင် ချက်အသင်းနှင့် ဝိုကလောမြို့၌လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပိုလန်အသင်းနည်းပြမှာ ဖရန့်ဆစ်ဇက်စမူဒါဖြစ်သည်။ နည်းပြစမူဒါက ၄င်း၏ ပိုလန်အသင်းကို ဘွန်ဒက်စ်လီဂါချန်ပီယံ ဒေါ့မွန်အသင်းမှ ကစားသမားသုံးဦးနှင့် အမာခံဖွဲ့စည်းထားသည်။

ပိုလန်အသင်း ၂၃ ဦးအား လူစာရင်းထုတ်ပြန်ခဲ့ရာတွင် ဒေါ့မွန်ကလပ်မှ တိုက်စစ်မှူး ရောဘတ်လီဝမ်ဒေါ်စကီး၊ ကွင်းလယ်ကစားသမား ဘလက်ဇီကော့စကီးနှင့် နောက်တန်းကစားသမား လူးကတ်ပစ်ချက်တို့ပါဝင်သည်။ နည်းပြစမူဒါက ပရီမီယာလိဂ်ကစားသမားများထဲမှ အာဆင်နယ်ဂိုးသမား ဝေ့ဆစ်တစ်ဦးတည်းကိုသာ ရွေးချယ်ထားသည်။ ၄င်းသည် ပိုလန်အသင်း၏ နံပါတ်တစ်ဂိုးသမားဖြစ်သည်။ အရန်ဂိုးသမားမှာ အာဆင်နယ်မှ ဖာဘီယန်စကီးကို ရွေးထားသည်။ သို့သော် ၄င်းသည် ဒဏ်ရာရထား၍ မရွေးတော့ဟု ဆိုသည်။

တိုက်စစ်မှူး လီဝမ်ဒေါ်စကီးသည် ဂျာမန်ချန်ပီယံဒေါ့မွန်အတွက် ၂၂ ဂိုး သွင်းယူပေးထားသည့်တိုက်စစ်မှူးဖြစ်သည်။ သူသည် မကြာမီ ပရီမီယာလိဂ်ကလပ်တစ်ခုသို့ ပြောင်းရွှေ့ဖွယ်ရှိနေသည်။ အသက် ၂၆ နှစ်ရှိ ကွင်းလယ်ကစားသမား ဘလက်ဇီကော့ဇီစကီးသည် ပိုလန်အသင်း၏ အဓိကကွင်းလယ်ဖန်တီးရှင်ဖြစ်လာမည်ဖြစ်သည်။ ပိုလန်နည်းပြ စမူဒါသည် ပိုလန်အသင်းကို ၂၀၀၉ ခုနှစ်မှစပြီး နည်းပြလီယိုဘင်းဟာကာ ထွက်သွားပြီးနောက် နည်းပြဖြစ်လာခြင်းဖြစ်သည်။ အုပ်စု(A)အသင်းလေးသင်းစလုံးသည် အုပ်စုမှကျော်လွှန်နိုင်သည့် အသင်းများဖြစ်သည်။

ဒေါ့မွန်တိုက်စစ်မှူး လီဝမ်ဒေါ်စကီး၏ ထိုးဖောက်ကစားဟန်။

လေးသင်းအနက် ရုရှားအသင်းသည် နောက်တစ်ဆင့်တက်ရန် အလားအလာပိုကောင်းနေကြောင်း ပိုလန်နည်းပြစမူဒါက သုံးသပ်ထားသည်။

ပိုလန်အသင်းသည် အဖွင့်ပွဲမတိုင်မီ ဇွန် ၂ ရက်တွင် အင်ဒိုရာအသင်းနှင့် နောက်ဆုံးခြေစမ်းပွဲကစားရမည်ဖြစ်သည်။ ဇွန် ၈ ရက် အဖွင့်ပွဲစဉ်အဖြစ် ဝါဆောမြို့၌ အမျိုးသားအားကစားကွင်းသစ်ကြီးတွင် ဂရိအသင်းနှင့် ကစားရမည်ဖြစ်သည်။

ပိုလန်အသင်းလူစာရင်း

ဂိုး- ဆမ်ဒိုမီယာစကီး (ဘီယာလိုင်စတော့)၊ ရှိုဆစ် (အာဆင်နယ်)၊ တိုင်တန် (အိုင့်ဟိုဗင်)။

နောက်တန်း-ဆီဘတ်စတီယန်ဘိုရင်နစ်ချ်(ဝါဒါဘရီမင်)၊ မာစင်ကာမင်စကီး (ပေါ့ဇုန်)၊ ပါကွစ်(ဆိုးချော့)၊ ပစ်ချက် (ဒေါ့မွန်)၊ ဝါစလီစကီး(အန်ဒါလက်ချ်)၊ ဝါဇီနစ် (လီဂျီယာဝါဆော)၊ ဝေ့ကိုဗီယယ်လ်(လက်ချ်ပေါ့ဇုန်)။

အလယ်တန်း-ဘလက်ဇီကော့စကီး(ဒေါ့မွန်)၊ ဒွတ်ကာ (အော်ဇေး)၊ ခရော့ဇီစကီး (ဆီပက်ပေါ)၊ အဒမ် (ဒူးဆက်ဒေါ့စ်)၊ မီယာကီဂျောစကီး (ထရန်ဇွန်စပေါ)၊ မူဒေါစကီး (လက်ချ်ပေါ့ဇုန်)၊ အိုဘရာနစ်(ဘိုဒေါ)၊ ရိုင်ဘတ်(ခရော့စနီ) ရာဖေးလ် ဝေါစကီး (လက်ချီယာဝါဆော)။

ရှေ့တန်း-ပါဝဲလ်ဘရိုချက်(ဆဲလ်တစ်)၊ လီဝမ်ဒေါစကီး (ဒေါ့မွန်)၊ ဆိုဘတ်စ်ချ် (ဟန်နိုဗာ)။ **(အင်တာနက်)**

ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ချယ်လ်ဆီးနှင့် ငါးနှစ်စာချုပ်မည်

လန်ဒန် မေ ၃၁

လိုင်လီကွင်းလယ်ကစားသမား အီဒင်ဟာဇက်သည် ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းနှင့် စာချုပ်ရန် ကြေညာလိုက်ပြီဖြစ်သည်။

အသက် ၂၁ နှစ်အရွယ်ရှိ ဟာဇာ (အပေါ်ပုံ) အား ဥရောပထိပ်တန်းကလပ်များဖြစ်သည့် မန်ယူနှင့်မန်စီးတီးတို့က အပြိုင်ခေါ်ယူရန် ကြိုးစားခဲ့ကြသည်။ သို့သော်လည်း ဘယ်လ်ဂျီယံလက်ရွေးစင် ဟာဇက်သည် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားရန်သာ ရွေးချယ်ခဲ့သည်။

သွင်းယူပေးခဲ့

ကွင်းလယ်ကစားသမား ဟာဇက်အား ချယ်လ်ဆီးက ပြောင်းရွှေ့ကြေးပေါင် ၃၂ သန်းဖြင့် ငါးနှစ်စာချုပ်မည့် သတင်းများထွက်ပေါ်လာလျက်ရှိသည်။ မိမိအနေဖြင့် ချယ်လ်ဆီးအသင်းနှင့် စာချုပ်မည်ဖြစ်ကြောင်း ဟာဇက်က တွစ်တာဝက်ဘ်ဆိုက်တွင် ရေးသားထားသည်။ ၄င်းသည် အသက် ၁၆ နှစ်ကတည်းက လိုင်လီအသင်းတွင် ကစားခဲ့သူဖြစ်သည်။ ၄င်းသည် ၂၀၁၂ ခုနှစ်တွင် လိုင်လီအသင်းအတွက် ၁၇ ဂိုး သွင်းယူပေးခဲ့သည်။

ကွင်းလယ်ကစားသမား ဟာဇက်သည် ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်များတွင် လူငယ်အကောင်းဆုံးဘောလုံးသမားဆုများ ဆွတ်ခူးနိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၏ အကောင်းဆုံးဘောလုံးသမားဆုဆွတ်ခူးနိုင်ခဲ့သည်။ ၄င်းသည် လာမည့် စနေနေ့တွင် ဘယ်လ်ဂျီယံနှင့်အင်္ဂလန်တို့ ခြေစမ်းသည့်ပွဲတွင် ပါဝင်ကစားဖွယ်ရှိသည်။ (အင်တာနက်)

မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအင်ပြု ပြင်ပြောင်းလဲရေး မဟာဗျူဟာတစ်ရပ် ပေါ်ထွက်လာရေး

ထက်ခိုင်

နိဒါန်း

လက်ရှိမြန်မာနိုင်ငံတွင် အရေးတကြီး ဖြေရှင်းဆောင်ရွက်ရမည့် စိန်ခေါ်မှုမှာ လတ်တလောလျှပ်စစ်စွမ်းအင်ဖူလုံရေးနှင့် ရေရှည်လျှပ်စစ်စွမ်းအင်လုံခြုံရေးဟု ရှုမြင်မိသည်။ စိန်ခေါ်မှုများကို ရှုမြင်သုံးသပ်ရာတွင် ပကတိအခြေအနေမှန်များကို သုတေသနဖန်ပြားပေါ်တင်၍ ဘက်မလိုက်တမ်း သုံးသပ်လေ့လာကြည့်မှသာ အနီးစပ်ဆုံးသောအဖြေမှန်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် စတင်ဆောင်ရွက်ခဲ့သော KTA Development Plan မှ အစပြုလျက် လက်ရှိအစိုးရသစ်လက်ထက်အထိ အမျိုးမျိုးသော မဟာဗျူဟာအပြောင်းအလဲ၊ မူဝါဒအချိုးအကွေ့များ ကြုံတွေ့ခဲ့ရခြင်းသည် လက်ရှိဖြစ်ပေါ်နေသော လျှပ်စစ်စွမ်းအင် အကျပ်အတည်းသို့ ဆိုက်ရောက်စေခဲ့သည်ဟု ကောက်ချက်ချနိုင်သည်။ ဤအတွက် လက်ညှိုးထိုးအပြစ်ဖို့စရာ ရှာဖွေဖော်ထုတ်နေခြင်းသက်သက်ဖြင့် လက်ရှိကြုံတွေ့နေရသော အမျိုးသားလျှပ်စစ်စွမ်းအင် အကျပ်အတည်းကို ကျော်လွှန်နိုင်မည်မဟုတ်ပေ။ လမ်းကြောင်းမှန်ပေါ် ရောက်ရှိစေမည့် မူဝါဒသစ်ကို ရှာဖွေပြောင်းလဲရမည်ဖြစ်သည်။

အဓိက မီးမောင်းထိုး တင်ပြလိုသည့်အချက်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လွတ်လပ်ပွင့်လင်းလာသော လက်ရှိအခင်းအကျင်းတွင် တစ်မျိုးသားလုံး ရင်ဆိုင်နေရသော လျှပ်စစ်စွမ်းအင် ဖြေရှင်းနိုင်ရေးကိုသာ မျက်မှောက်ပြုကြရန်ဖြစ်သည်။ တစ်နည်းဆိုရလျှင် အမျိုးသားစွမ်းအင် လုံခြုံရေးပြဿနာကို ယနေ့နိုင်ငံသားတိုင်း ကြုံတွေ့ရင်ဆိုင်နေရသောကြောင့် လက်တွေ့ကျ၍ ရေရှည်တည်တံ့နိုင်သော အမျိုးသားစွမ်းအင် လုံခြုံရေးမဟာဗျူဟာကို ချမှတ်ဖော်ဆောင်နိုင်ရေးလိုအပ်လာခြင်းပင် ဖြစ်သည်။

လျှပ်စစ်စွမ်းအင် ထုတ်လုပ်ဖြန့်ဖြူးမှု လုပ်ကိုင်ခွင့်နှင့် ဥပဒေများ ပြုပြင်ပြောင်းလဲရေး

လွတ်လပ်ရေးရရှိပြီးကာလမှ ၁၉၈၄ ခုနှစ်အထိ လျှပ်စစ်ဌာနဟူ၍ လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းအဖြစ် အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်တွင်ရှိခဲ့ပြီး ၁၉၈၅ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ စွမ်းအင်ဝန်ကြီးဌာနအောက်တွင် ရှိခဲ့သည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ သယ်ပို့ဖြန့်ဖြူးရေးလုပ်ငန်းအားလုံးကိုလည်း ၎င်းကာလများအတွင်း လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းကသာ တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ တပ်မတော်အစိုးရလက်ထက် ၁၉၉၇ ခုနှစ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟူ၍ သီးခြားဝန်ကြီးဌာနတစ်ခုအဖြစ် ဖွဲ့စည်းထူထောင်ကာ ၂၀၀၆ ခုနှစ်အထိ ယင်းဝန်ကြီးဌာန တစ်ခုတည်းကသာ ဓာတ်အားထုတ်လုပ်ရေး၊ ဖြန့်ဖြူးရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၀၆ ခုနှစ် မေလတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာနနှစ်ခုခွဲကာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးကို တာဝန်ခွဲဝေဆောင်ရွက်စေခဲ့ကြောင်း တွေ့ရှိရသည်။ ပုဂ္ဂလိကကဏ္ဍပါဝင်မှုကို လေ့လာကြည့်လျှင် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များကို တည်ဆောက်မှုနှင့် ထုတ်လုပ်မှုအပိုင်းတွင် ပြည်ပကုမ္ပဏီများနှင့်ဆက်စပ်၍ ပါဝင်နိုင်သော အခွင့်အလမ်းများ စတင်ခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိနိုင်သည်။ သို့သော်လည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုများတွင် ဈေးကွက်စီးပွားရေး၏ ကြန်အင်လက္ခဏာများဖြစ်သော ပုဂ္ဂလိကလက်ဝယ် လွတ်လပ်စွာလုပ်ကိုင်ခွင့်၊ ဈေးကွက်နှင့် စားသုံးသူ အကြား လွတ်လပ်စွာ ယှဉ်ပြိုင်နိုင်ခွင့်၊ ဥပဒေကြောင်းအရ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ လုံခြုံမှုအတွက် အာမခံပေးနိုင်သော ဥပဒေ၊ နည်းဥပဒေများ တိတိကျကျ ပြဋ္ဌာန်းထားခြင်း စသည်တို့ မရှိသေးကြောင်း တွေ့ရှိနိုင်သည်။

၁၉၈၅ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကဒေသများရှိ ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း ၅၁ နိုင်ငံ၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုဆိုင်ရာ သုတေသနပြုလုပ်မှုတစ်ရပ်အရ ထုတ်လုပ်ဖြန့်ဖြူးမှုများ ပြုပြင်ပြောင်းလဲရန် လိုအပ်ချက် (၇)မျိုးကို အောက်ပါအတိုင်း တွေ့ရှိရသည်-

(၁) နိုင်ငံပိုင်ကော်ပိုရေးရှင်းများတွင် ကုန်ကျစရိတ် မြင့်မားခြင်း၊ ဝန်ဆောင်မှုမတိုးချဲ့နိုင်ခြင်း၊ တည်ငြိမ်စိတ်ချရခြင်းမရှိသော ဖြန့်ဖြူးမှုများ စသည်တို့ကြောင့် အားနည်းနေခြင်း၊

(၂) စီးပွားရေး တိုးတက်လာသည်နှင့်အမျှ မြင့်တက်လာနေသော ဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု၊ ကြံ့ခိုင်ထိန်းသိမ်းမှု၊ အဆင့်မြှင့်တင်မှု စသည့်စရိတ်များကို နိုင်ငံပိုင်လုပ်ငန်းများအနေဖြင့် လုပ်ဆောင်နိုင်စွမ်း မရှိတော့ခြင်း၊

(၃) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုများတွင်လည်းကောင်း၊ သုံးစွဲမှုတွက်ချက်သော စက်ကိရိယာများတွင်လည်းကောင်း နည်းပညာများ လျင်မြန်စွာ တိုးတက်ပြောင်းလဲလာခြင်းကြောင့် လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးမှုတွင် ခေတ်ဟောင်းဖွဲ့စည်းတည်ဆောက်မှုများ အလုပ်မဖြစ်တော့ခြင်း၊

(၄) ပြည်သူ့ရေးရာဝန်ဆောင်မှုများတွင် အခြားသောကဏ္ဍများ၌ တိုးမြှင့်သုံးစွဲရခြင်းကြောင့် ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ထောက်ပံ့ဖြည့်ဆည်းပေးနေခြင်းများ ဖယ်ရှားပေးရန် အကြောင်းဖန်လာခြင်း၊

(၅) နိုင်ငံတော်ပိုင်လုပ်ငန်းများကို ပုဂ္ဂလိကများလက်ဝယ်သို့ လွှဲပြောင်းရောင်းချခြင်းဖြင့် အချိန်တိုတိုအတွင်း ငွေကြေးအလုံးအရင်းများ ရရှိရန် လိုအပ်လာခြင်း၊

(၆) ၁၉၈၀ ပြည့်နှစ်များတွင် ချီလီ၊ အင်္ဂလန်၊ ဝေးလ်နှင့် နော်ဝေနိုင်ငံများ၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲမှု အောင်မြင်စွာပြုလုပ်နိုင်ခဲ့ခြင်းကြောင့် အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများမှ ယင်းသို့သော ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန် လိုလားလာခြင်း၊

(၇) နိုင်ငံများ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် မဖြစ်မနေ ဆောင်ရွက်ကြရေးအတွက် ကမ္ဘာ့ဘဏ်နှင့် အိုင်အမ်အက်ဖ်ကဲ့သို့သော ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများမှ ဖိအားပေးတောင်းဆိုလာကြခြင်း၊

အထက်ပါ အခြေအနေ(၇)မျိုးမှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုနယ်ပယ်တွင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လာကြရသော အကြောင်းရင်းများဖြစ်နေသည်။ မြန်မာနိုင်ငံ၏ လက်ရှိဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုကဏ္ဍသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရလည်းကောင်း၊ တိုးတက်ပြောင်းလဲလာသောလူနေမှုစနစ်နှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေး အနာဂတ်ခန့်မှန်းချက်များအရလည်းကောင်း ပြုပြင်ပြောင်းလဲမှုများ အရေးတကြီးဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ကြောင်း တွေ့ရှိနိုင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆ ၏ နောက်ဆက်တွဲဇယား ၁ ပါ ပြည်ထောင်စု ဥပဒေပြုစာရင်းအရ ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေဖြစ်သော အနာဂတ်မျိုးဆက်သစ်များအတွက် ရေရှည်တည်တံ့စေမည့် ပြည်ထောင်စု လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေး ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန် လိုအပ်မည်ဖြစ်သည်။ ဤသည်ကို ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုလွှတ်တော်တို့မှ အခြေခံဥပဒေပါ အခွင့်အရေးများအတိုင်း လွတ်လပ်စွာယှဉ်ပြိုင်လုပ်ကိုင်နိုင်စေမည့် အခြေအနေကောင်းတစ်ရပ်ပေါ်ထွက်လာစေရန် ဥပဒေပြုပေးရန် တာဝန်ရှိသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ၏ နောက်ဆက်တွဲဇယား ၂ ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းရှိ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍမှ **ပြည်ထောင်စုက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး** အတွက် ဥပဒေများ၊ နည်းဥပဒေများ ပြဋ္ဌာန်းပေးရေးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များက ဆောင်ရွက်ပေးရန်တာဝန်ရှိသည်။ ထိုသို့ဥပဒေများ၊ နည်းဥပဒေများ ရှင်းလင်းခိုင်မာစွာ ပြဋ္ဌာန်းပေးခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှုများလုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးသက်ရောက်မှုများ လျော့နည်းရေး၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းနိုင်ရေးတို့ ရရှိစေမည်ဖြစ်သည်။

အချို့က လျှပ်စစ်ဓာတ်အား မလုံလောက်မှုများနှင့်စပ်လျဉ်း၍ စနစ်ကို အပြစ်တင်ကြသည်ကိုတွေ့ရှိရသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အာမခံချက်များအား ထည့်သွင်းတွက်ချက်ရန် တင်ပြလိုခြင်းဖြစ်သည်။ စနစ်သည်ပြောင်းလဲနေပြီဖြစ်သည့်အပြင် ယင်းစနစ်မှပေးအပ်ထားသော လုပ်ကိုင်ခွင့်များအပြည့်အဝရရှိစေရေး ကြိုးပမ်းအားထုတ်ကြရန် လိုအပ်နေသေးသည်ကို သိမြင်နားလည်မှသာ စနစ်သစ်၏ ကောင်းကျိုးများကို အပြည့်အဝရရှိခံစားနိုင်မည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ၊ လုပ်ပိုင်ခွင့်များအား အပြည့်အဝရယူအသုံးချ၍ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းတို့တွင် ပုဂ္ဂလိကကဏ္ဍပါဝင်လာစေရန် လမ်းဖွင့်ပေးနိုင်သည့် အခွင့်အလမ်းရှိစေရန်လည်းလိုအပ်မည်။ ဆိုလိုသည်မှာ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ဖြန့်ဖြူးမှု အကျပ်အတည်းကြောင့် ဖြစ်ပေါ်လာသောစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများအား လမ်းဖွင့်ပေးခြင်းအပါအဝင် ယင်းအခွင့်အလမ်းများကို အမိအရဆုပ်ကိုင်နိုင်ရေးသည် နိုင်ငံတော်အစိုးရနှင့်လွှတ်တော်တို့ကသာ ခေါ်ဆောင်ပေးနိုင်မည်ဟု သုံးသပ်မိသည်။

လျှပ်စစ်စွမ်းအင်အရင်းအမြစ်များ အားကိုးအားထားပြုမှု ပြုပြင်ပြောင်းလဲရေး

ထုတ်ပြန်ထားသော သတင်းအချက်အလက်များအရ သဘာဝအရင်းအမြစ်ပေါများမှုကို အခြေခံ၍ မြန်မာနိုင်ငံမှရွေးချယ်ခဲ့သော လျှပ်စစ်ထုတ်လုပ်ရေးမူဝါဒသည် ရေအားလျှပ်စစ်ကိုအခြေခံခဲ့ကြောင်း တွေ့ရှိရသည်။ ယခု၂၀၁၂ ခုနှစ် ဧပြီလအထိ မြန်မာနိုင်ငံရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၉ ရုံ (၂၆၆၀ မဂ္ဂါဝပ်)၊ တီကျစ်ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ တစ်ရုံ (၁၂၀ မဂ္ဂါဝပ်) နှင့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ၁၅ ရုံ (၇၁၄ မဂ္ဂါဝပ်) **စုစုပေါင်းထုတ်လုပ်မှု ၃၄၉၄ မဂ္ဂါဝပ်ရှိကြောင်း** တွေ့ရှိရသည်။ ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း တည်ဆောက်ဆဲစီမံကိန်းများမှ ပြီးစီးနိုင်သည့်စီမံကိန်းများကို လေ့လာကြည့်သောအခါ ချီဖွေငယ်စီမံကိန်း ၉၉ မဂ္ဂါဝပ်၊ ဖြူးစီမံကိန်း ၄၀ မဂ္ဂါဝပ်၊ သောက် ရေခပ်(၂) စီမံကိန်း ၁၂၀ မဂ္ဂါဝပ်၊ ဘီလူးချောင်း(၃) စီမံကိန်း ၅၂ မဂ္ဂါဝပ်၊ နန်ချိုစီမံကိန်း ၄၀ မဂ္ဂါဝပ်၊ အထက်ဘီလူးချောင်းစီမံကိန်း ၂၉ မဂ္ဂါဝပ်၊ အထက်ပေါင်းလောင်း စီမံကိန်း ၁၄၀ မဂ္ဂါဝပ်ဖြစ်၍ စုစုပေါင်း ထပ်တိုးရရှိလာနိုင်သည့် မဂ္ဂါဝပ်မှာ ၅၀၂ သာဖြစ်ကြောင်း တွေ့ရှိရသည်။ ဤအချက်အလက်များသည် တရားဝင်ထုတ်ပြန်ထားသော သတင်းအချက်အလက်များကိုသာ အခြေခံ၍ သုံးသပ်ခြင်းဖြစ်ပါသည်။

ဓာတ်အားသုံးစွဲမှုအပိုင်းကိုလည်း လေ့လာကြည့်ရာ ရန်ကုန်တိုင်းဒေသကြီးတွင် ၆၀၀ မဂ္ဂါဝပ်ခန့်၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၂၀ မဂ္ဂါဝပ်ခန့်၊ နေပြည်တော် ၅၀ မဂ္ဂါဝပ်၊ တောင်ကြီး ၂၅ မဂ္ဂါဝပ်၊ မုံရွာ ၁၅ မဂ္ဂါဝပ်အသီးသီး သုံးစွဲနေကြသည်။ အိမ်ထောင်စုအလိုက် လျှပ်စစ်မီးရရှိမှုကိုကြည့်လျှင် ရန်ကုန်တိုင်းဒေသကြီးတွင် သုံးအိမ်လျှင် နှစ်အိမ်ထောင်နှုန်း၊ ရာခိုင်နှုန်းအားဖြင့် ၆၆ ရာခိုင်နှုန်းရရှိကြောင်း၊ ဒုတိယအများဆုံးမှာ (ဘီလူးချောင်း ရေအားလျှပ်စစ်စက်ရုံရှိပြီး လူဦးရေနည်းပါးမှုကြောင့်) ကယားပြည်နယ်ဖြစ်ပြီး ၃၅ ရာခိုင်နှုန်းခန့် ရရှိကြောင်း တွေ့ရှိရသည်။ နေပြည်တော် ၃၄ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီး ၃၃ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ် ၃၀ ရာခိုင်နှုန်း စသည်ဖြင့် ရရှိကြောင်း တွေ့ရှိရသည်။ ဧရာဝတီတိုင်းဒေသကြီးမှာ မြစ်ချောင်းများပေါများပြီး လူဦးရေပေါများမှုကြောင့် လျှပ်စစ်မီးရရှိမှုမှာ ၁၀ ရာခိုင်နှုန်းကျော်သာရှိပြီး ချင်းပြည်နယ်မှာ ဧရာဝတီတိုင်းဒေသကြီးထက်ပင် ပိုမို၍ရရှိကြောင်း တွေ့ရှိရသည်။

အဓိက အကျပ်အတည်းသည် လျှပ်စစ်အများဆုံးသုံးစွဲသော ရန်ကုန်မြို့၏ အနီးတွင် လုံလောက်အောင် ထုတ်လုပ်ပေးနိုင်သော ဓာတ်အားပေးစက်ရုံ မရှိခြင်းပင် ဖြစ်သည်။ လျှပ်စစ်ထုတ်လုပ်သည့်စက်ရုံများနှင့် ဝေးလံသော ရန်ကုန်မြို့သို့ လျှပ်စစ်ဓာတ်အားဖြည့်တင်းရန် ဓာတ်အားလိုင်းရှည်လျားစွာဆွဲရသဖြင့် ဓာတ်အားလေလွင့်ဆုံးရှုံးမှု များနေသည်။ ဥပမာ ရန်ကုန်မြို့သို့ လျှပ်စစ်ဓာတ်အား ၁၀၀ မဂ္ဂါဝပ်ရရှိစေရန် ၁၂၅ မဂ္ဂါဝပ်ခန့် ပို့ပေးရမည့် အနေအထားဖြစ်နေသည်။ ယခုလက်ရှိ ရန်ကုန်မြို့အနီးနားရှိ သဘာဝဓာတ်ငွေ့သုံးစက်ရုံများမှ အများဆုံးမဂ္ဂါဝပ် ၃၀၀ ခန့်သာ ထုတ်လုပ်ပေးနိုင်သည့်အတွက် သုံးစွဲမှု၏ ထက်ဝက်ခန့်သာရှိနေသည်။ **(ယခု နောက်ဆုံးသိရှိရသော သတင်းများအရ တောင်ကိုရီးယားနိုင်ငံမှ Busan Korea Biotechnology BKB ကုမ္ပဏီမှ ရန်ကုန်မြို့နှင့် သီလဝါစက်မှုဇုန်အတွက် ၅၀၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်သော သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ရန် စတင်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် G.E ကုမ္ပဏီနှင့် ပူးပေါင်း၍ အလုံနှင့် လှော်ကားရှိ ဓာတ်ငွေ့သုံးတာဘိုင် သုံးလုံးအား အချိန်တိုအတွင်း စက်များအစုံလိုက်လဲလှယ်၍ မူလသုံးစွဲသည့် သဘာဝဓာတ်ငွေ့ပမာဏကိုပင် အသုံးပြုလျက် ၇၀ MW တိုးမြှင့်ထုတ်လုပ်ရေးကိုလည်း စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အခြားအစီအစဉ်ကိုလည်း သိရှိရသလောက် အောက်တွင်ဖော်ပြထားပါသည်။)**

သို့ရာတွင် အဓိက စဉ်းစားရန်မှာ တိုးတက်လာမည့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများ၏ လျှပ်စစ်လိုအပ်ချက်ကို ခန့်မှန်းတွက်ချက်၍ ဖြေရှင်းနိုင်ရေး စွမ်းအင်မူဝါဒ ချမှတ်ရန်ဟု သုံးသပ်မိသည်။

လူဦးရေ လေးသန်းခွဲသာရှိသော စင်ကာပူ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ၁၁၀၀၀ မဂ္ဂါဝပ်ရှိနေသည့်အတွက် လူဦးရေ ခြောက်သန်းရှိသော ရန်ကုန်မြို့သည် စီးပွားရေးတိုးတက်လာပြီး စက်မှုဖွံ့ဖြိုးလာခဲ့လျှင် လက်ရှိ ၆၀၀ မဂ္ဂါဝပ်မှ နှစ်ဆခန့် မြင့်တက်လာမည်ဖြစ်သည်။ သို့ဖြစ်၍ ရန်ကုန်၏အနီးပတ်ဝန်းကျင်တွင် လျှပ်စစ်ဓာတ်အား (အနည်းဆုံး) (၁၀၀၀) မဂ္ဂါဝပ် ထုတ်လုပ်နိုင်သော ဓာတ်အားပေးစက်ရုံများ တည်ဆောက်ထားရှိရန် လိုအပ်မည်ဖြစ်သည်။

မန္တလေးမြို့၏ အနီးနား၌ မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်နိုင်သော ရဲရွာရေအားလျှပ်စစ်စက်ရုံတည်ဆောက်ထားသဖြင့်လည်းကောင်း၊ ဆည်တော်ကြီး၊ ကင်းတားစသည့် စက်ရုံငယ်များ တည်ရှိနေခြင်းကြောင့် လည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းသို့ ပို့လွှတ်ရသည့် လျှပ်စစ်ဓာတ်အားမှာ မန္တလေးကို ဖြတ်သန်းသွားရသဖြင့်လည်းကောင်း၊ နောင်တွင် တိုးမြှင့်လာမည့် သုံးစွဲမှုများအရလည်းကောင်း ထိုက်သင့်သည့် ဖူလုံမှုအခြေခံများရှိနေသည်ဟု ဆိုနိုင်သည်။

လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်မည့် စီမံကိန်းလျာထားချက်များကို လေ့လာကြည့်လျှင် ၂၀၁၂ ခုနှစ်မှ ၂၀၂၀ အထိ(ဘတ်ဂျက်ပုံမှန်ရရှိလျှင်) စီမံကိန်း ၁၁ ခု ပြီးစီးမည်ဖြစ်သော်လည်း စက်တပ်ဆင်အား ၁၉၂၂ မဂ္ဂါဝပ်သာ တိုးတက်ရရှိလာမည်ဖြစ်သည်။ ပြည်သူလူထုမှ လျှပ်စစ်တိုးမြှင့်သုံးစွဲလာနိုင်မည့် အခြေအနေများ၊ စီးပွားရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများတိုးတက် မြင့်မားလာမည့် အလားအလာများနှင့် နှိုင်းယှဉ်ကြည့်လျှင် **လက်ရှိမြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှု စီမံကိန်းလျာထားချက်များသည် လုံလောက်မှုမရှိနိုင်ဟု သုံးသပ်မိသည်။**

ဓာတ်အားပေးစက်ရုံများမှာ တောတောင်များထဲတွင် တည်ဆောက်ထားရှိပြီး မြန်မာနိုင်ငံမြောက်ပိုင်းမှ တောင်ပိုင်းသို့ ဓာတ်အားလိုင်း သွယ်တန်းပို့လွှတ်နေရသည်။ ဓာတ်အားထုတ်လုပ်မှု၏ ၄၀ ရာခိုင်နှုန်းကို မန္တလေးတိုင်းဒေသကြီး (ရဲရွာ၊ ပေါင်းလောင်း၊ ဆည်တော်ကြီး၊ ကင်းတား) မှ ထုတ်လုပ်ပြီး ၂၀ ရာခိုင်နှုန်းကို ရှမ်းတောင်နှင့် ကယားပြည်နယ်(လောပိတ-၁၊ ၂၊ တီကျစ်၊ ကျိုင်းတောင်း၊ ဇော်ဂျီ -၁ နှင့် ၂)၊ ရန်ကုန်အနီးရှိ သဘာဝဓာတ်ငွေ့သုံးစက်ရုံများမှ ၂၀ ရာခိုင်နှုန်း (အလုံ၊ လှော်ကား၊ ရွာမ၊ သာကေတ)၊ ရှမ်းမြောက်မှ ၁၅ ရာခိုင်နှုန်း (ရွှေလီ-၁) ထုတ်လုပ်လျက်ရှိသည်ဟု သတင်းထုတ်ပြန်မှုများအရ သိရသည်။ ရန်ကုန်တွင်သုံးစွဲသည့် လျှပ်စစ်ဓာတ်အားကို ရွှေလီမှ စတင်သယ်ယူပြီး ရွှေလီ-မန်စံ-ရွှေစာရံ(မန္တလေးအနီး) မှ ဘဲလင်း-သပြေဝ(မိတ္ထီလာအနီး)အထိ၊ ၎င်းမှ သာစည်-ပျဉ်းမနား-တောင်ငူ-ကမာနတ်(ပဲခူးအနီး)၊ ၎င်းမှ ရန်ကုန်မြို့ပြင်ရှိ ဓာတ်အားခွဲရုံများသို့ ပို့ဆောင်ပေးရသည်။ ရဲရွာမှထုတ်လုပ်သောဓာတ်အားမှာ ဘဲလင်းနှင့်သပြေဝတွင် လာရောက်ပေါင်းဆုံပြီး ပေါင်းလောင်းမှ ဓာတ်အားမှာ ပျဉ်းမနားတွင် လာရောက်ပေါင်းဆုံသည်။ လောပိတမှ ထုတ်လုပ်သောဓာတ်အားမှာ လောပိတ-တီကျစ်-ကလော-သာစည်ဓာတ်အားလိုင်းမှတစ်ဆင့် သာစည်တွင် လာရောက်ပေါင်းဆုံပြီး လောပိတ-တောင်ငူ ဓာတ်အားလိုင်းမှတစ်ဆင့် တောင်ငူတွင် လာရောက်ပေါင်းဆုံသည်။ **(ရွှေလီ-မန်စံ ဓာတ်အားလိုင်းမှ တာဝါတိုင် မိုင်းခွဲခံရ၍ ဓာတ်အားပို့လွှတ်မရသောကြောင့် ရန်ကုန်မြို့သို့ ဓာတ်အားမရောက်နိုင်ခြင်း ဖြစ်သည်ကို သတင်းထုတ်ပြန်ထားကြောင်း ဖတ်ရှုရသည်။)**

ရှည်လျားသော ဓာတ်အားလိုင်းဖြင့် ပေးပို့ရာ၌ လျှပ်စစ်ဓာတ်အားလျော့နည်းပျောက်ဆုံးမှုများဖြစ်ပေါ်ရသည်။ လက်ရှိအခြေအနေတွင် အသုံးပြုနေသည့် အမျိုးသားဓာတ်အားကွန်ရက်တွင်ရှည်လျားပြီး အဆင့်မြှင့်တင်ရန်လိုအပ်သည့် ဓာတ်အားလိုင်းမှ ဖြန့်ဖြူးရခြင်းကြောင့် ပို့လွှတ်သောဓာတ်အား၏ ၂၅ရာခိုင်နှုန်းခန့် ပျောက်ဆုံးနေသည့်ကိစ္စသည်လည်း အလေးထားကုစားရမည့်ကိစ္စဖြစ်ပေသည်။ လျှပ်စစ်ဓာတ်အားပျောက်ဆုံးရခြင်းသည် ဓာတ်အားသယ်ယူမှုနှင့် ဖြန့်ဖြူးမှုစနစ် (Transmission and Distribution System) ၏ အားနည်းမှုကြောင့် ဖြစ်ပေါ်ရသည်။ ထိုကိစ္စကို နည်းပညာ၊ ကျွမ်းကျင်သောလူနှင့်အဆင့်မီစက်ပစ္စည်းအသစ်များ အသုံးပြု၍ ဆောလျင်စွာပြင်ဆင်သင့်ပေသည်။ **လျော့နည်းပျောက်ဆုံးမှု နည်းနိုင်သမျှ နည်းစေရန် နည်းလမ်းများ ရှာဖွေဆောင်ရွက်သင့်**သည်။

ရေအားလျှပ်စစ်ကိုသာ အားကိုးခြင်းမပြုဘဲ Alternative Energy Production များရှာဖွေရေး

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားမူဝါဒသည် **သဘာဝအရင်းအမြစ် ရေအားမှ လျှပ်စစ်ထုတ်လုပ်ရေးကိုသာ အဓိကထားဆောင်ရွက်ခဲ့ခြင်းကို ပြောင်းလဲရန် ကျွမ်းကျင်သူများဖြင့် ဖော်ထုတ်သုံးသပ်ခြင်းပြုသင့်သည်ဟု အကြံပြုလိုသည်။**

မြန်မာနိုင်ငံ၏ လက်ရှိဓာတ်အားထုတ်လုပ်မှုမှာ ကျောက်မီးသွေးမှ ၃ ဒသမ ၅ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၂၀ ဒသမ ၄ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်မှ ၇၆ ဒသမ ၁ ရာခိုင်နှုန်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံများ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများကို လေ့လာကြည့်လျှင်-

- တရုတ်နိုင်ငံတွင် ကျောက်မီးသွေးမှ ၇၉ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၀ ဒသမ ၉ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်မှ ၁၆ ဒသမ ၉ ရာခိုင်နှုန်း၊
- အိန္ဒိယနိုင်ငံတွင် ကျောက်မီးသွေးမှ ၆၈ ဒသမ ၆ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၉ ဒသမ ၉ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်မှ ၁၃ ဒသမ ၇ ရာခိုင်နှုန်း၊
- အမေရိကန်ပြည်ထောင်စုတွင် ကျောက်မီးသွေးမှ ၄၈ ဒသမ ၈ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၂၀ ဒသမ ၈ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်မှ ၆ ဒသမ ၄ ရာခိုင်နှုန်း၊
- ဂျပန်နိုင်ငံတွင် ကျောက်မီးသွေးမှ ၂၆ ဒသမ ၆ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ မှ ၂၆ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်မှ ၇ ဒသမ ၆ ရာခိုင်နှုန်း။

ကမ္ဘာ့နိုင်ငံအများစုအနေဖြင့် လျှပ်စစ်ဓာတ်အားကို ကျောက်မီးသွေးမှ ၄၀ ဒသမ ၈ ရာခိုင်နှုန်း၊သဘာဝဓာတ်ငွေ့မှ ၂၁ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်မှ ၁၆ ဒသမ ၂ ရာခိုင်နှုန်းထုတ်ယူသုံးစွဲကြောင်း တွေ့ရှိရသည်။ စက်မှုထွန်းကားသော ထိုနိုင်ငံကြီးများ၏ လျှပ်စစ်စွမ်းအင်မူဝါဒကို လေ့လာသင့်ပေသည်။

ရေအားလျှပ်စစ်မှလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် သန့်စင်သည့်စွမ်းအင် Green Energy ဟူ၍ အများစုက သတ်မှတ်ထားသော်လည်း ထုတ်လုပ်မှုပမာဏကြီးမားသည်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကြီးမားလာခြင်း၊ ဆည်တည်ဆောက်မှုဧရိယာ ကြီးမားသည်နှင့် ပြည်သူများ၏လူမှုဘဝများအပေါ် သက်ရောက်မှုကြီးမားလာခြင်း၊ ဇီဝမျိုးစိတ်များနှင့် ဂေဟစနစ်ကို ထိခိုက်နိုင်မှုကြီးမားလာခြင်းစသည့် ဆိုးသည့်အကျိုးဆက်များအရ ရေအားလျှပ်စစ်သည် အမှန်တကယ် သန့်စင်သောစွမ်းအင် ဟုတ်/မဟုတ် ငြင်းချက်ထုတ်လာသည်ကို တွေ့လာရပေသည်။

တစ်ဖန် ရင်းနှီးမြှုပ်နှံမှု ကြီးမားသော်လည်း ရေရှည်ကုန်ကျစရိတ်သက်သာသည့် နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ရေးစီမံကိန်းများသည်လည်း ချာနိုဘိုင်း ဓာတ်ပေါင်းဖို ပေါက်ကွဲမှုနောက်ပိုင်း ဝေဖန်ဆန့်ကျင်မှုများဖြစ်ပေါ်ခဲ့ရာမှ ဂျပန်နိုင်ငံ ဖူကူရှီးမားဓာတ်ပေါင်းဖိုပေါက်ကွဲမှု၌ ဆန့်ကျင်မှုများပြင်းထန်လာခဲ့ပြီး ဂျပန်နိုင်ငံပင်လျှင် နျူကလီးယား ဓာတ်ပေါင်းဖိုအားလုံး ရပ်ဆိုင်းရန် ထုတ်ပြန်ကြေညာခဲ့ရသည့် အနေအထားကို တွေ့မြင်ရသည်။ ဂျာမနီနိုင်ငံတွင် ဓာတ်ပေါင်းဖိုအားလုံး ပိတ်သိမ်းရန် ကြေညာခဲ့သည်ကို သိရှိကြရပေမည်။ လက်ရှိမြန်မာနိုင်ငံ၏ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံနိုင်မှုအနေအထားနှင့် နိုင်ငံရေးအရ သုံးသပ်သင့်သောကြောင့် နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးကို မစဉ်းစားကြောင်းကိုလည်း သိရှိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ရေအရင်းအမြစ်အသုံးပြုခြင်းအစား သဘာဝဓာတ်ငွေ့သုံးစွဲ၍လည်းကောင်း၊ ကျောက်မီးသွေးလောင်စာသုံး သုံးစွဲ၍လည်းကောင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ရေး မူဝါဒသို့ ပြင်ဆင်ဆောင်ရွက်သင့်ပြီဟု အကြံပြုလိုသည်။ *(ဆက်လက်ဖော်ပြပါမည်)*

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)မှ ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

နေပြည်တော် မေ ၃၁

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ အုပ်ချုပ်ရေးဗဟိုဌာနမှ Democratic Governance အတိုင်ပင်ခံ Dr. Marcus Brand ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသံတမန်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နိုင်ငံတော်ကဆောင်ရွက်လျက်ရှိသော ဥပဒေရေးရာနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ အုပ်ချုပ်ရေးဗဟိုဌာနမှ Democratic Governance အတိုင်ပင်ခံ Dr. Marcus Brand ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

ကြာအင်းဆိပ်ကြီး မေ ၃၁

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့နယ်ခွဲ ပြည်သူ့ဆေးရုံဝင်းအတွင်း ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို မေ ၂၅ ရက်က ကျင်းပရာ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်၊ မြို့နယ် မြို့နယ်ခွဲဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ရပ်ကွက်၊ကျေးရွာပြည်သူများဖြင့် ကျွန်း၊ မဟော်ဂနီ၊ စိန်ပန်း၊ ယူကလစ်နှင့် အခြားအပင်စုစုပေါင်း ၁၂၀၀ ပင် စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်သတင်း)**

မေ ၂၆ ရက်က သုံးဆယ်မြို့ အထက(သုံးဆယ်) ပီမိုးနင်းခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲများကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှမြင့် အမှာစကားပြောကြားစဉ်။
(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၆-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၅း၂၀	MRTV-4 သတင်း
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၅၃)
၁၀း၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၂၅)
၃း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၃၉)
၄း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၅၃)
၆း၀၀	MRTV-4 သတင်း
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၄၀)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၅၄)
၁၁း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၂၆)

▲ *ကျောဖုံးမှ*

တရုတ်နိုင်ငံမှ ထိပ်တန်းရုပ်ရှင်သရုပ်ဆောင်များ တက်ရောက်လာပြီး နာမည်ကြီးရုပ်ရှင်ကားများလည်း ပါဝင်ဆင်နွှဲသည့် ရုပ်ရှင်ပွဲတော်ဖြစ်သည်။ (၁၅)ကြိမ်မြောက် ရှန်ဟိုင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ပြင်သစ်ဒါရိုက်တာ ဂျိန်းဂျက်ကွက်စ်အန်နပ်က ဆုရွေးချယ်ရေး အကဲဖြတ်အဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ ထို့အပြင် ကမ္ဘာကျော်ရုပ်ရှင်ထုတ်လုပ်သူများဖြစ်ကြသည့် လပ်ဘက်ဆင်၊ ဒန်နေဘွိုင်လီနှင့် ဘာရီလီဗင်ဆင်တို့လည်း အကဲဖြတ်အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ကြမည်ဖြစ်သည်။ ၎င်းရုပ်ရှင်ပွဲတော်ဖွင့်ပွဲအကြိုလေ့ကျင့်ပွဲသို့ တရုတ်ရုပ်ရှင်အနုပညာရှင်များ တက်ရောက်ခဲ့ကြသည်။ **(အင်တာနက်)**

ပင်လည်ဘူးမြို့နယ် မိချောင်းအင်းတိုက်နယ်ဆေးရုံ ခွဲစိတ်ဆောင်သစ် လွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် မိချောင်းအင်းတိုက်နယ်ဆေးရုံ ခွဲစိတ်ဆောင်သစ်တည်ဆောက်ရန် ဂျပန်အစိုးရ၏ အသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ်အရ အမေရိကန်ဒေါ်လာ ၁၀၅၉၉၆ ဒေါ်လာ အကုန်အကျခံ တည်ဆောက်ပြီးစီးခဲ့သော အဆိုပါ ခွဲစိတ်ဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် Mr. Masuya NISHIKURAMORI၊ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။

မိချောင်းအင်း တိုက်နယ်ဆေးရုံသည် မန္တလေးမြို့နှင့် ၂၂၅ မိုင်အကွာ၌ တည်ရှိပြီး ဝေးလံခေါင်ဖျားဒေသရှိ ကျေးလက်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ၁၉၇၂ ခုနှစ်တွင် တည်ဆောက်ဖွင့်လှစ်ထားခဲ့ကြောင်း၊ ယခုအခါ အဆိုပါ တိုက်နယ်ဆေးရုံ၌ မိချောင်းအင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများနေ ပြည်သူများအား ပိုမိုအဆင့်မြင့်သော ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရေး သန့်ရှင်းပြီး စံချိန်စံညွှန်းမီ ခွဲစိတ်ဆောင်တစ်ခု တည်ဆောက်ပေးရန် လိုအပ်လာသဖြင့် ဂျပန်နိုင်ငံအစိုးရက ကြမ်းခင်းဧရိယာ စတုရန်းပေ ၂၃၀၀ ရှိ ခွဲစိတ်ဆောင်သစ် တည်ဆောက် ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်းအထောက်အပံ့သည် ဂျပန်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုတိုးတက်ခိုင်မြဲရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်တွင် တည်ဆောက်ဆဲဖြစ်သော ဒုတိယမြောက်ဓာတ်လှေကားအတွက် မေ ၂၆ ရက်က နှစ်ဖက်သောမိဘများအားအမှူးထား၍ မော်လမြိုင်မြို့ ပန်းဘဲတန်းရပ် အမှတ်(၃၅/ဘီ) (ပဲရစ်စတိုး) ဦးအောင်လှ၊ ဒေါ်မြမြမော်မိသားစုက ငွေကျပ် ၁၀၀၀၀၀၀ကိုပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဦးခင်မောင်ဝင်း လက်ခံယူပြီး အလှူရှင်မိသားစုအား ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (၁၀၇)

အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း စည်းဝေးမည်

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (၇)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ဇွန် ၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်း အမှတ် ၃၅/၈၇ အဆောင်(စီ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးဝင်း (ယခင်စာရင်းစစ်ချုပ်ရုံး)၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန်နှင့် အစည်းအဝေးမကျင်းပမီ နံနက် ၈ နာရီခွဲအရောက် နေရာယူကြရန် ဖိတ်ကြားထားသည်။ အသေးစိတ်အချက်အလက်များကို အသင်းရုံး ဖုန်း-၀၁-၂၃၀၀၂၃၆ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ **(မောင်ကိုမျိုး)**

မြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်နေမည်

နေပြည်တော် မေ ၃၁

ယနေ့နံနက် ၉ နာရီခွဲမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ကယားပြည်နယ်တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဒေသအလိုက်မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မေလ၏ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အင်္ဂပူမြို့နယ်၌ လယ်သမားတစ်ဦး မိုးကြိုးထိမှန်သေဆုံး

အင်္ဂပူ မေ ၃၁

မေ ၃၀ ရက် ညနေ ၃ နာရီခန့်က အင်္ဂပူမြို့နယ် ကရင်ညောင်ချောင်းကျေးရွာနေ ဦးသန်းနိုင်ထူး အသက် (၄၀) (ဘ-ဦးထွန်းရီ) သည် ကျောင်းကုန်းကျေးရွာနှင့် ကရင်ညောင်ကုန်းကျေးရွာအကြား လယ်ကွင်းထဲ၌ လယ်ထွန်နေစဉ် မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးပစ်ရာမှ မိုးကြိုးထိမှန်သေဆုံးသွားကြောင်း သိရသည်။ (၀၇၇)

ဆိုင်ကယ်နှစ်စီး သာပေါင်း၌တိုက်မိ

သာပေါင်း မေ ၃၁

သာပေါင်းမြို့နယ် အုတ်ပုံကျေးရွာနေ ဝင်းလှိုင်သည် ပသ/. . . . ဆန်ဘို ၁၁၀ ဆိုင်ကယ်ဖြင့်အုတ်ပုံကျေးရွာမှ ဘောတလင်းကုန်းကျေးရွာသို့ မောင်းနှင်လာရာ ဘောတလင်းကျေးရွာမှ ကွမ်းခြံကုန်းကျေးရွာသို့ မျိုးသူအောင် မောင်းနှင်ပြီး နောက်မှ မင်းဇော်ဦး စီးနင်းလိုက်ပါသော ၇ယ/. . . . လော့ဂျာ ၁၁၀ ဆိုင်ကယ်နှင့် ငဝန်ကြို့ကုန်းကျေးရွာအနီး လမ်းမပေါ်၌ ဝင်တိုက်မိရာ ဝင်းလှိုင်မှာ ပြင်းထန်စွာ(စိုးရိမ်) ဒဏ်ရာရရှိသွားပြီး မင်းဇော်ဦးမှာလည်း ဒဏ်ရာများရရှိသွားကြောင်း သိရှိရသည်။ (၀၁၇)

ပုလဲသွယ်စပ်မျိုးစပါး မင်းလှမြို့နယ်၌ ရိတ်သိမ်း

မင်းလှ မေ ၃၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ဝက်လှကြီးကျေးရွာအုပ်စု ဝက်လှကြီးကျေးရွာ နွေစပါးသုံးသီးဧရိယာတွင် ပုလဲသွယ်စပ်မျိုးစပါး ရိတ်သိမ်းပွဲကို မေ ၂၇ ရက်က ကျင်းပသည်။ အခမ်းအနားတွင် ဦးခင်ဦး၏ လယ်တစ်ဧကကို ရိတ်သိမ်းရာ အစိုအထွက်တင်း ၁၇၀ ဒသမ ၂၀ ထွက်ရှိပြီး ဦးပိုင်အမှတ် (၃၄) တွင် စိုက်ပျိုးထားသည့် တောင်သူဦးတင်သောင်း၏ ပုလဲသွယ်စပါးစိုက်ခင်း တစ်ဧကကို ရိတ်သိမ်းရာအစိုထွက်တင်း ၁၇၈ ဒသမ ၅၀ ထွက်ရှိကြောင်း သိရှိရသည်။

အဆိုပါရိတ်သိမ်းပွဲကို သာယာဝတီခရိုင် စိုက်/ညှိအဖွဲ့ဝင်များ၊ မြို့နယ်စိုက်/ညှိအဖွဲ့ဝင်များနှင့် တောင်သူများ တက်ရောက်လေ့လာခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြန်မာ့အလင်း)**

❍ *ကျောဖုံးမှ*

ဘရာဇီးအတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၂ မိနစ်၌ နေမာဒါဆေးလ်ဗားဆန်တို့စ်က ဂိုးသွင်းယူပေးခဲ့သည်။ ဘရာဇီးတို့ ဆက်လက်ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၂၆ မိနစ်၌ တီရာဂိုဆေးလ်ဗားက တစ်ဂိုး သွင်းယူနိုင်ခဲ့သည်။ သို့သော် ပွဲချိန် ၄၅ မိနစ်၌ ဂိုမက်ဇ်က အမေရိကန်အတွက် ချေပဂိုးတစ်ဂိုး သွင်းယူခဲ့သဖြင့် ပထမပိုင်းပွဲချိန်အပြီး၌ ဘရာဇီးက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေခဲ့သည်။

နိုင်ပွဲရရှိ

ဒုတိယပိုင်းပွဲချိန်တွင်လည်း ဘရာဇီးတို့ အချိတ်အဆက်မိမိ ထိုးဖောက်ကစားနိုင်ခဲ့ရာ ပွဲချိန် ၅၂ မိနစ်၌ ဗီအီရာဒါဆေးလ်ဗားက တစ်ဂိုးထပ်မံသွင်းယူခဲ့သည်။ ချေပဂိုးများ ရရှိရေးအတွက် အမေရိကန်တို့ ကြိုးစားခဲ့သော်လည်း ပွဲချိန် ၈၇ မိနစ်၌ ပါတိုက တစ်ဂိုးသွင်းယူခဲ့သဖြင့် ပွဲအပြီး ဘရာဇီးတို့ လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ***(အင်တာနက်)***

မြန်မာ့အလင်း အမြို့မြို့အနယ်နယ်၌ ကျောင်းအပ်နှံရေးနေ့များ ကျင်းပ

ကရင်ပြည်နယ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ ကျင်းပ

နေပြည်တော် မေ ၃၁

ကရင်ပြည်နယ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၅ ရက်က ဘားအံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင်များက အလှူငွေများနှင့်ကျောင်းသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြသည်။

ကရင်ပြည်နယ် သဘာဝဘေးအန္တရာယ်လျှော့ပါးရေးဆိုင်ရာ အသိပညာပေးသင်တန်းအမှတ်စဉ် (၅/၂၀၁၂)ဆင်းပွဲ အခမ်းအနားကို မေ ၂၆ ရက်တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကလေးမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ကျင်းပ

ကလေး မေ ၃၁

၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ကလေးမြို့ အထက(၁)ကျောင်းခန်းမ၌ မေ ၂၉ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကလေးခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက ကျောင်းနေအရွယ် ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ ကျောင်းအပ်နှံနှုန်းမြင့်မားစေရေး၊ အဂတိတရားကင်းကင်းဆောင်ရွက်ရေးတို့ကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်စိုးက ပညာရေးအခြေခံကောင်းများရရှိရေးအတွက် ပညာရေးဝန်ထမ်းများ ကြိုးပမ်းဆောင်ရွက်ရန်နှင့် မူလတန်းအဆင့်ကျောင်းသားများထံမှ မည်သည့် အခကြေးငွေမျှ မကောက်ခံရေးတို့ကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက အလက(၃)ကျောင်းအတွက် ကွန်ပျူတာကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ထောက်ကြန့်ကျောင်းအတွက် ရုပ်မြင်သံကြားဖမ်းစက်ကိုလည်းကောင်း၊ ကလေးတက္ကသိုလ်ပါမောက္ခချုပ်က ငွေကျပ် ၆၀၀၀၀ကိုလည်းကောင်း၊ တက်ရောက်လာကြသော ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းကော်မတီဝင်များက ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သည့် ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်များ၊ ပညာသင်ကြားရေးအတွက် အထောက်အပံ့ပစ္စည်းများကို လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သဃ်န်းကျွန်းမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ကျင်းပ

ရန်ကုန် မေ ၃၁

၂၀၁၂-၂၀၁၃ ပညာသင်နှစ် သဃ်န်းကျွန်း မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အထက(၁) ကျောင်းသပြေခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သောင်းမြ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများ၊ ဆရာဆရာမများ၊ ကျောင်းသူကျောင်းသားများအင်အား ၂၀၀ ကျော် တက်ရောက်ကြပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ **(အပေါ်ယာပုံ)**၊ အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူတို့က ကျောင်းသားကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ခဲ့ကြသည်။

စမ်းစမ်းကြည်(သဃ်န်းကျွန်း)

ရမည်းသင်း၌ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံ

ရမည်းသင်း မေ ၃၁

မန္တလေးတိုင်းဒေသကြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ရမည်းသင်းမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၉ ရက် မွန်းလွဲ ၁ နာရီက ရမည်းသင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဒေါက်တာဝင်းလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက ကျောင်းအပ်နှံရေးနေ့နှင့် ပတ်သက်၍ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနကလှူဒါန်းသော သူငယ်တန်းမှ စတုတ္ထတန်းအထိ ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ပံ့ပိုးငွေစုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၃၄၀၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ငွေကျပ်နှစ်သိန်း၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ငွေကျပ်နှစ်သိန်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ်ငါးသိန်း၊ မြို့နယ်မော်တော်ယာဉ်ကြီးကြပ်ရေးအဖွဲ့က ငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်းသိရှိရသည်။ **(၄၁၆)**

ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများလှူဒါန်း

ရန်ကုန် မေ ၃၁

လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက် သီရိမြိုင်(၃)လမ်းရှိ ဇောတိကရာမ သီရိဇေယျာဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ဆင်းရဲချို့တဲ့တိုင်းရင်းသား ကျောင်းသားကျောင်းသူများအတွက် လိုအပ်သော သင်ထောက်ကူပစ္စည်းများ၊ ကျောင်းစာသင်ခုံများ၊ ပြဋ္ဌာန်းဖတ်စာအုပ်များကို အလှူရှင်များနှင့်ရပ်မိရပ်ဖများက ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ကျောင်းတိုက်ဝင်းခန်းမ၌ မေ ၂၇ ရက်ကကျင်းပရာ အလှူရှင်များလှူဒါန်းသော စာသင်ခုံများ၊ စာအုပ်နှင့်စာရေးကိရိယာများကို ကျောင်းထိုင်ဆရာတော် ဦးဇောတိကကလက်ခံယူသည်။

ယင်းအခမ်းအနားတွင် လှိုင်မြို့နယ်ပညာရေးမှူး ဦးခင်မောင်တင့်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရှိရသည်။ **(ပညာရေး)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

မီးသတ်ရေကန် တည်တံ့ရေးဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (စ)ရပ်ကွက် သုမေ္မာလမ်းမကြီးတွင် တည်ရှိသော မြို့ဦးဘုရားအောင်စေတီ၏ အနောက်ဘက်ခြမ်း၌ မြို့တော်စည်ပင်သာယာရေးကော်မတီမှ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ရေကန်တစ်ကန် တူးဖော်ထားခဲ့သည်။

ယင်းသို့ ရေကန်ကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ရာတွင် ရန်ပုံငွေလိုအပ်သည့်အတွက် တာဝန်ရှိလူကြီးများက စည်းဝေးတိုင်ပင်ပြီး ရေကန်ခြံစည်းရိုးအပြင်ဘက်တွင် နံနက်ပိုင်း ပျံကျဈေးလေးအဖြစ် လမ်းဘေးဈေးသည်များကို ယာယီနေရာများ သတ်မှတ်ရောင်းဝယ်စေပြီး ဈေးကောက်ကောက်၍ ရရှိသောငွေဖြင့် ရေကန်ပြုပြင်ခြင်း၊ ဘုရားဝေယျာဝစ္စဆောင်ရွက်ခြင်းနှင့် အခြားလူမှုရေးကိစ္စများကို ဆောင်ရွက်ခဲ့သည်။

ယခုအခါတွင် ယာယီပျံကျဈေးတွင် နေရာရထားသူဆိုင်ရှင်အချို့တို့သည် မြို့တော်စည်ပင်သာယာရေးကော်မတီမှ တရားဝင်ဖွင့်ထားသော ဈေးကြီးများကဲ့သို့ ဆိုင်ခန်းများအခိုင်အမာဆောက်လုပ်၍ သွပ်မိုးများ မိုးလာသည်ကို တွေ့ရပါသည်။

ဆိုင်အမိုးများမိုးရာတွင်လည်း ရေကန်လုံခြုံရေးနှင့် မြေပြိုခြင်းကာကွယ်ရန် တားထားသည့် ရေကန်ခြံစည်းရိုးအတွင်း တိုင်စိုက်၍ သွပ်မိုးများမိုးလာသည်ကို တွေ့ရပါသည်။ ယင်းကဲ့သို့ပင် ကျန်ဆိုင်ရှင်များကလည်း ခြံစည်းရိုးအတွင်း ဝင်ရောက်တိုင်စိုက်ပြီး သွပ်မိုးများမိုးလာကြမည်ဆိုပါက ရေကန်ပေါင်မြေကြီးများ ပြိုကျပြီး ရေကန်ပျက်စီးသွားနိုင်ပါသည်။

ဦးရိုးမကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဒေါ်နန်းမေရီဝင်းက ကြေညာခဲ့သော ၂၄-၅-၂၀၁၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ပါ ဒေါ်တင်တင်စိန်နှင့် အများသိစေရန်ကြေညာခြင်းခေါင်းစဉ်ပါ ကြေညာချက်သည် မှန်ကန်ခြင်းလည်းမရှိ၊ ဥပဒေနှင့်လည်းမညီ၊ အများကြည်ညိုလေးစားခြင်းခံရသော ကမ္ဘာလှည့်သာသနာပြုဆရာမကြီး ဒေါ်တင်တင်စိန်အပေါ် ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းစေရန်နှင့် အရှက်တကွဲအကျိုးနည်းဖြစ်စေရန် တမင်ရည်ရွယ်၍ ကြေညာခြင်းကို ခုနစ်ရက်အတွင်းပြန်လည်ရုပ်သိမ်းပယ်ဖျက်၍ လူသိရှင်ကြားသတင်းစာမှ ဆရာမကြီးဒေါ်တင်တင်စိန် ကျေနပ်သည်အထိ ဝန်ချတောင်းပန်ပေးရန် အသိပေးကြေညာလိုက်ပါသည်။

ကမ္ဘာလှည့်သာသနာပြု နိုင်ငံကျော်စာရေးဆရာမကြီး ဒေါ်တင်တင်စိန်သည် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်ရရှိထားသူဖြစ်သည့်အပြင် မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်း၏ နာယကသည် အသက်ခုနစ်ဆယ်ကျော်သာရှိပြီး လူမှုရေးလုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများကို ကိုယ်ကျိုးမဖက် အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိပါသည်။ ဦးရိုးမကျော်သည် မိခင်အရင်းကို တစ်ခါတစ်လေမျှ လုပ်ကိုင်ကျွေးမွေးခြင်းလုံးဝမရှိဘဲ မိခင်အပေါ် အရှက်တကွဲအကျိုးနည်းဖြစ်ပြီး ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်ချက်ဖြင့် အနန္တောအနန္တငါးပါးတွင် ဘုရားနှင့်တစ်ဂိုဏ်းတည်းထား၍ ကျေးဇူးများပင် ပေးဆပ်၍မကုန်နိုင်သော ကိုးလလွယ်ဆယ်လဖွား လူဖြစ်အောင်ကျွေးမွေးစောင့်ရှောက်ခဲ့သည့်မိခင်ကြီး၏ ကျေးဇူးကိုမှမထောက်ထားဘဲ ယခုကဲ့သို့ လူသိရှင်ကြား မိဘကိုစော်ကားရေးသားကြေညာခြင်းအတွက် လူမှုကျင့်ဝတ်ဘာသာတရားက ခွင့်မလွှတ်သည့်အပြင် အသရေဖျက်မှုဖြင့် ဥပဒေအရ အရေးယူဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။ အထက်တန်းရှေ့နေ ဒေါ်နန်းမေရီဝင်းအနေဖြင့်လည်း ဥပဒေနှင့်မညီသော မိဘအရင်းကိုစော်ကား၍ ဂုဏ်သိက္ခာကျဆင်းအောင်ကြေညာခြင်းမျိုးကို မပြုလုပ်သင့်မှန်းသိပါလျက် ကြေညာခဲ့ခြင်းကို ချက်ချင်းပြန်လည်ရုပ်သိမ်းပေးရန်နှင့် ပျက်ကွက်ပါက မဟုတ်မမှန်ကြေညာပေးရန် လွှဲအပ်သူနှင့် အထောက်အထားအခြေအမြစ်မရှိ လွှဲအပ်ချက်အရ ကြေညာပေးသူအပေါ် တရားစွဲဆိုသွားရန် ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ကြောင်း သိစေလိုက်ပါသည်။

ဦးရိုးမကျော်သည် မိဘ၏ဆုံးမစကားကိုမယုံကြည်၊ နားမထောင်သူဖြစ်သည့်အပြင် မိခင်ကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ခြိမ်းခြောက်ခြင်းများကြောင့် အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာခြင်းခံထားရသူလည်းဖြစ်ပါသည်။ မိဘစကားကိုဖီဆန်၍ ကျင့်သည်ဖြစ်သောကြောင့် ဓမ္မသတ် ၃၆စောင်တွဲ၊ အခန်း ၅၊ ပုဒ်မ ၂၁ တွင် သွာနုတ္တသား (ခွေးနှင့်တူသောသား) ဖြစ်သည်ဟု ဓမ္မသတ်ကျမ်း၌ ပြဆိုထားပါသည်။ သားသမီးတို့၏ ကျင့်ဝတ်ပျက်ပြားသည့်အပြင် နှစ်ပေါင်းများစွာ မိခင်နှင့်ဆက်သွယ်မှုမရှိပါ။ မိခင်အား ရန်သူသဖွယ် အရှက်တကွဲအကျိုးနည်းပြုခဲ့ခြင်းကြောင့် မိခင်၏ အမွေဆက်ခံခွင့်မရှိတော့ကြောင်း အသိပေးကြေညာလိုက်ပါသည်။

မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ကမ္ဘာလှည့်သာသနာပြု
ဆရာမကြီးဒေါ်တင်တင်စိန်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ရှေ့နေဦးခင်ဇော်(မရမ်းကုန်း)
ဖုန်း-၀၉-၇၃၀၇၀၄၃၃

မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ကမ္ဘာလှည့်သာသနာပြုဆရာမကြီး ဒေါ်တင်တင်စိန်သည် မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်း၏ နာယကတစ်ဦးဖြစ်ပြီး နာယကဂုဏ်ခြောက်ပါးနှင့်အညီ တက်ကြွစွာ ကူညီဆောင်ရွက်ပေးနေသူဖြစ်ပါသည်။

ဦးခင်ဇော် (မရမ်းကုန်း)
ဥက္ကဋ္ဌ၊ မရမ်းကုန်းမြို့နယ်၊ စာရေးဆရာအသင်း

အမြန်ရောင်းမည်

ယာယီနံပါတ်၊ ပစ္စည်းစုံ

Toyota Alphard G (2400CC) 2003 model
Toyota Estima G (2400CC) 2000 model
Toyota Alphard AX L Edition (2400CC) 2003 model

ဖုန်း-၀၉-၅၁၂၃၃၅၁၊ ၀၉-၅၀၀၁၉၀၈၊ ၀၉-၇၃၂၂၈၆၁၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ မြေကွက်အမှတ် 1.D၊ ဧရိယာ ၁၁၁၀၉ ၅၂ဧကကို အမည်ပေါက် ဦးမျိုးမြင့် ၁၂/ကတတ(နိုင်)၀၀၈၆၆၁ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူများဖြစ်ကြသည့် ဦးသန်းမြင့်၁၂/ပဘတ(နိုင်)၀၂၅၄၇၂၊ ဦးစန်းမြင့် ၁၂/ပဘတ(နိုင်)၀၀၀၁၀၇၊ ဒေါ်လစ်လျှံ(ခ)မြင့်မြင့်ညွန့် ၁၂/ပဘတ(နိုင်)၀၁၀၁၀၂၊ ဒေါ်အိအိထွေး ၁၂/ပဘတ(နိုင်)၀၂၅၈၄၃တို့က ပိုင်ဆိုင်မှုအမည်ပြောင်းလဲ၍ မြေငှားစာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ Yan Kin Housing project (2010-2011)၊အိမ်ရာစီမံကိန်း၊ တိုက်အမှတ် ၄/၇၊အခန်းအမှတ် ၀၂ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်သန္တာလွင်ထံမှ ဒေါ်မြမြစိမ်း ၁၂/ဗဟန(နိုင်)၀၄၅၃၁၄က တရားဝင်စာချုပ်စာတမ်းဖြင့်ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန်လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

Star Lion

Construction & Decoration Centre

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃A၊ မြေကွက်အမှတ် ၉၊ မြေကွက်တည်နေရာအမှတ် ၁၁၊ ၁၅၆လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ် ဒေါ်သိန်းညွန့်နှင့်မောင်ရဲမြင့်အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်တစ်ဦး ဒေါ်သန်းညွန့် (အဒေါ်အပျိုကြီးဘဝဖြင့်)၊ ဒေါ်သန်းခင်(မိခင်)၊ ဦးစိုးအောင်(ဖခင်)တို့ အသီးသီးကွယ်လွန်သဖြင့် ဦးရဲမြင့် ၁၂/တမန(နိုင်)၀၅၄၁၄၈က တစ်ဦးတည်းသောတူတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ဇေယျာသီရိ၊ မြေကွက်အမှတ် ၄၉၇၊ မြေကွက်တည်နေရာအမှတ် ၁၄၊ ယမုံနာ ၂လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးတိုး ၁၂/ဒပန(နိုင်)၀၀၂၇၈၇အမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးတိုးကွယ်လွန်သဖြင့် ဒေါ်မြဥ ၁၂/ဒပန(နိုင်)၀၀၂၇၈၆က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၄၊ မြေကွက်အမှတ် ၉၅၇၊ မြေကွက်တည်နေရာအမှတ်(၉၅၇)၊ ၁၃၄ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးညွန့်ရွှေအမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက်ဦးညွန့်ရွှေ ၁၂/ရကန(နိုင်)၀၅၃၇၅၅က မြေချပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံစာ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ကျမ်းကျိန်လွှာ၊ ဝန်ခံကတိပုံစံများတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

အမည်ပြောင်း

ဦးသိန်းဝင်း၏သား မုဒုံမြို့၊ အထက(၁)၊အဋ္ဌမတန်း(F)မှ မောင်နေလင်းဦးအား မောင်ထူးမြတ်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ထူးမြတ်နိုင်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅(ကံဘဲ့)၊ မြေကွက်အမှတ်(၂၈၄)၊ မြေကွက်တည်နေရာအမှတ် ၇၆၆၊ (၈)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ဦးတက်ထွန်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတက်ထွန်းထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၄၂၈/၂၀၁၂(၂၆-၁-၂၀၁၂)ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးအေးသန်း ၁၂/မရက(နိုင်)၀၅၀၆၈၅က မူလဂရန်တင်ပြနိုင်ခြင်းမရှိဘဲ အရောင်းအဝယ်စာချုပ်တင်ပြ၍ ဂရန်ခွဲလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မာန်၊ မြေကွက်အမှတ် ၁၁၇၉၊ မြေကွက်တည်နေရာ ၁၁၇၉၊ မာန်ပြေ ၁၈လမ်း၊ ၃ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးကြည်လှ၊ ဒေါ်စန်းစန်းဌေးအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကြည်လှနှင့် ဒေါ်စန်းစန်းဌေးကွယ်လွန်သဖြင့် ဒေါ်စန်းအေး ၁၂/သကတ(နိုင်)၁၀၆၅၂၃၊ ဦးသက်ခိုင် ၁၂/သကတ(နိုင်)၁၃၀၈၈၈တို့က ညီမနှင့်မောင်တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀၊ မြေကွက်အမှတ် ၇၆၉/က၊ မြေကွက်တည်နေရာအမှတ် (၇၆၉/က)၊ လှိုင်သီတာ ၃လမ်း၊ ၂၀ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးမြ TGO -၀၈၅၉၇၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြ(ဖခင်)၊ဒေါ်လှမြင့်(မိခင်)တို့ကွယ်လွန်သဖြင့် ဒေါ်ချိုချိုမြင့် ၈/မဘန(နိုင်)၁၈၄၆၄၇က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ နှစ် ၆၀ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ





ကျေးဇူးအထူးတင်ရှိခြင်း
ဒေါ်အင်
အထက်တန်းပြ (ငြိမ်း)၊ အထက(၃) မြိတ်
အသက် (၆၄)နှစ်

၂၄-၅-၂၀၁၂ ရက်တွင် ကွယ်လွန်သွားသော ဒေါ်အင် အသက်(၆၄)နှစ်၏ နာမကျန်းဖြစ်စဉ်က ဝိုင်းဝန်းကူညီပေးသော မိတ်ဆွေအပေါင်းအသင်းများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ၊ နာရေးကိစ္စအဝဝတွင် ဝိုင်းဝန်းလာရောက်ကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကျောင်းသားကျောင်းသူဟောင်းများ၊ ရပ်ဝေးရပ်နီးမှဆွေမျိုးများနှင့် သူငယ်ချင်းများ၊ ဝဋ္ဋသကနာရေးကူညီမှုအသင်းသူ အသင်းသားများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူဆွေမျိုးအပေါင်းအသင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဌေးအောင်ဝင်း
အသက် (၆၀)

မိတ္ထီလာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဌေးအောင်ဝင်း အသက်(၆၀)သည် ၁၇-၅-၂၀၁၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲမိပါကြောင်း။ **ထားဝယ်တက္ကသိုလ်မိသားစု**

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာသာထွန်းအောင်
အသက် (၅၈)နှစ်

ကျိုင်းတုံတက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ဒေါက်တာသာထွန်းအောင် အသက်(၅၈)နှစ်သည် ၁၈-၅-၂၀၁၂ရက် နံနက် ၆:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲမိပါကြောင်း။ **ထားဝယ်တက္ကသိုလ်မိသားစု**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉A၊ မြေကွက်အမှတ် ၃၀၀၊ မြေကွက်တည်နေရာအမှတ် ၈၅၊ ဦးဘဝင်းလမ်း၊ မြေကွက်အမှတ် ၃၀၀၊ (၃၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်စိန်မြအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဒေါ်စိန်မြ ၁၂/လမတ(နိုင်)၀၀၆၆၄၄ကိုယ်တိုင်က နှစ်၆၀ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဌာနဝန်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ နှစ် ၆၀ဂရန် မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာစက်မှုဇုန်(၁)၊ မြေကွက်အမှတ် ၁၈၉A၊ ဧရိယာ ၂ဒသမ ၆၆၆ ဧကကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ဝယ်ယူထားသူ ဦးမြင့်စိန် ၁၄/လပတ(နိုင်)၀၁၀၂၀၀-ဒေါ်ခင်ဖြူဝင်း IDW-၀၁၉၃၂၀ထံမှ ဦးမောင်မောင်လေး ၁၂/ပဘတ(ဧည့်)၀၀၀၃၂၉က စာချုပ်၊ S.Pတို့ဖြင့်ဝယ်ယူပြီး အမည်ပြောင်း၍ မြေငှားစာချုပ်ထုတ်ယူခွင့်တင်ပြလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနှင်းဆီရပ်ကွက်၊ သီရိရတနာလမ်းသွယ် ၁၊ အမှတ် ၁၃ ဟုခေါ်တွင်သော မြေအကျယ်အဝန်း(၁၆၀×၈၁)ပေခန့်ရှိ မြေကွက်နှင့် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စီမံခန့်ခွဲရောင်းချနိုင်သည်ဟု အဆိုပြုသူ ဦးထိန်လင်းဦး ၁၁/ကဖန(နိုင်)၀၁၁၈၃၃ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းနိုင် ၁၁/ကဖန(နိုင်)၀၃၇၀၃၀က အပြီးအပိုင်လွှဲပြောင်းဝယ်ယူထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့် ယနေ့မှခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အမည်ပေါက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အိအိစံ LL.B
အထက်တန်းရှေ့နေ (စဉ်-၂၇၅၄၈)

ဦးထွန်းနိုင်အောင် LL.B, C.B.L
အထက်တန်းရှေ့နေ (စဉ်-၃၀၂၈၂)
အိမ်ခြံမြေအကျိုးဆောင်နှင့်
ဥပဒေအကြံပေးအတိုင်ပင်ခံ
အခန်း ၅၀၂၊ တိုက် ၃၊ ရွှေထီးအိမ်ရာ၊
(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ဖုန်း-၀၉-၅၁၂၅၆၀၂၊ ၀၉-၇၃၀၈၈၀၈၄၊
၀၉-၇၃၀၈၈၅၉၆



ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၇A^၁၊မြေကွက်အမှတ် ၃၂F/၂၊ မြေကွက်တည်နေရာ အမှတ် ၁၀၊ ဆာတေလိန်းလမ်း၊ စမ်းချောင်းမြို့နယ်၊ နော်ဟာရဲ၊ အယ်လီဇဘက်ပု အမည်ပေါက်ဂရန်ရှိ မြေပိုင်မြေအား ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားလို ဒေါ်မြမြအေးနှင့် တရားပြိုင် ဒေါ်ဖြူဖြူဝင်း-၃တို့၏ တရားမကြီးမှုအမှတ်(၄၅၉/၀၇)၊ တရားမဇာရီမှု(၅၂/၁၀)တို့အရ တရားရုံးများကိုယ်စား တရားရုံးဘီးလစ်ခန့်စာတင်ပြ၍ ဒေါ်စုနန္ဒာလှိုင်(ဘီးလစ်)၅/မရန(နိုင်)၂၄၈၅၇၅က မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏တစ်စိတ်တစ်ပိုင်း ပေ(၅၀×၄၀)ကို အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ ဘီ၊ မြေကွက်အမှတ်၂၅၅၊ မြေကွက်တည်နေရာအမှတ်၂၉၊ ၆လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်တင်အေး အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်တင်အေး၊ ဖခင် ဦးချစ်ပုံ ကွယ်လွန်သဖြင့် ဦးချစ်ဆွေ ၁၂/မဂတ(နိုင်)၀၅၁၀၅၁က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၂/နွယ်အေး၊ မြေကွက်အမှတ် ၈၀၊ မြေကွက်တည်နေရာအမှတ် ၈၀၊ ဘုရင့်နောင်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဒေါ်တင်တင်စန်း DBN-၀၁၂၁၁၆၊ ဒေါ်အုံးရင် ၁၀/မလမ(နိုင်)၀၆၂၀၆၈ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် (၁)ဒေါ်တင်တင်စန်း၊ (၂)ဒေါ်အုံးရင်တို့က ဂရန်မူရင်းပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရှေ့(အထက်)ရပ်ကွက်၊ မြို့သစ် ၁ လမ်း၊ အမှတ်၃၉၊ နှစ်ခန်းတွဲ ခုနစ်ထပ်တိုက်၊ အကျယ်အဝန်းပေ(၁၂½×၅၅)၊ သုံးလွှာရှိ (ခေါင်းရင်း+ခြေရင်း)နှစ်ခန်းကို လက်ရှိပိုင်ဆိုင်သူ ဒေါ်ပပစံ ၁၀/ကမရ(နိုင်)၀၀၀၄၆၂ထံမှ ဒေါ်စိန်ဌေး ၈/တတက(နိုင်)၁၃၈၈၉၂က ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စိန်ဌေး ၈/တတက(နိုင်)၁၃၈၈၉၂ ၏ ညွှန်ကြားချက်အရ-
ဦးချန်ထွန်း (B.A, B.L)
တရားလွှတ်တော်ရှေ့နေနှင့် နိုတာရီပဗ္ဗလစ် (၁၄၈၅)
အမှတ်၂၇၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၄၉၂၆၇

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ အရှေ့ဝါယာလက် ၃ လမ်း၊ အမှတ်(၃၉၈/က)နေ ကျွန်ုပ်၏မိတ်ဆွေဦးတင်ဝင်း ၁၂/ဗဟန(နိုင်)၀၃၁၀၄၆၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဦးတင်ဝင်းက ၎င်း၏သမီး မမြတ်သီဂီအောင်(ခ)မချောစု ၁၂/မရက(နိုင်)၁၃၀၈၄၈အား ယခုအခါတွင် အမွေစားအမွေခံသမီးအဖြစ် အသိအမှတ်ပြုထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားသူ **ညွှန်ကြားချက်အရ-**
ဦးတင်ဝင်း **ဒေါ်ဝေဝေအောင်(LL.B, D.B.L)**
အထက်တန်းရှေ့နေ(စဉ်-၃၆၉၁၀)
တိုက်၉/၁၁၊ အခန်း၁၀၄/ဘီ၊
၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၂၃၆၀၂၈

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄A၊ မြေကွက်အမှတ် ၅၆၊ မြေကွက်တည်နေရာအမှတ် ၅၀၊ အာသောကလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ မောင်သန်းဝင်း၊ မလှသင်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦး မလှသင်(အစ်မအပျိုကြီးဘဝဖြင့်) ကွယ်လွန်သဖြင့် ဦးသန်းဝင်း ၁၂/တမန(နိုင်)၀၁၈၀၀၈က တစ်ဦးတည်းသောမောင်တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မြေကွက်အမှတ် ၂၀၊ မြေကွက်တည်နေရာအမှတ် ၂၀၊ ကတန်ကျွန်းလမ်း၊၂၅ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးလှမြင့်(၂) TTE -၀၃၄၃၁၇အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးလှမြင့်ကွယ်လွန်သဖြင့် ဒေါ်ထွေးညွန့် ၁၂/အလန(နိုင်)၀၂၁၆၄၆က တစ်ဦးတည်းသောတရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဦးထင်အောင်(စွမ်းအင်စီမံရေးဦးစီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်ချိုချိုဝင်းတို့၏မိခင် ဒေါ်ကြင်(ခ)ဒေါ်ကြင်ခိုင် အသက်(၈၁)နှစ်သည် ၃၀-၅-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကျော်သူ-ဒေါ်လှဲ့လှဲ့ကြည်
ဉက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အေးကြည် အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ စက်မှုဇုန်(၈)ရပ်ကွက်၊ ၄လမ်း၊ အမှတ် ၃၄နေ ဦးတင်လတ်(MD, Sein Diamond Paint Co., Ltd.)-ဒေါက်တာစန်းစန်းဝင်းတို့၏မိခင်၊ မအိန္ဒြာတင်လတ်၊ မဟန်နီတင်လတ်၊ မချယ်ရီတင်လတ်တို့၏ အဘွားသည် ၂၈-၅-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၉:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

MD နှင့် ဝန်ထမ်းများ
AKM CARTON BOX FACTORY
SHWE YEE` OO ICE FACTORY

ဝမ်းနည်းကြေကွဲခြင်း
ငေါ်တော်မင်း(ခ)ဦးကျင်သိန်း
အသက်(၇၇)နှစ်

သူငယ်ချင်း ဖြူဖြူအေး၏ဖခင် ငေါ်တော်မင်း(ခ)ဦးကျင်သိန်းသည် ၂၉-၅-၂၀၁၂ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်း၏မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ထွန်းထွန်းနိုင်၊ ဇော်သန်းထိုက်၊ ချယ်ရီဝင်း၊
မောင်လတ်၊ ခင်မာချို၊ သူရ၊ သက်ဦးကျော်

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဆွေထွန်း (ဖျာပုံခရိုင်ဆေးရုံကြီး)
အသက်(၄၆)နှစ်

ဒုတိယရဲမှူးကြီးအောင်နိုင်(ငြိမ်း)၊ ဒေါ်ခင်မာကြည်(မွန်ပြည်နယ်ဥပဒေအရာရှိ)တို့၏မောင် ဒေါက်တာဆွေထွန်းသည် ၃၁-၅-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မွန်ပြည်နယ်ဥပဒေချုပ်နှင့်
မွန်ပြည်နယ်အတွင်းရှိ ဥပဒေအရာရှိများ
ရုံးဝန်ထမ်းများ

ဦးတင်ညွန့်
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ခြံအမှတ် ၂၆၊ ဆရာစံရပ်ကွက်၊ နတ်မောက်ရိပ်သာလမ်းသွယ်နေ ဦးသန်း-(ဒေါ်ကြည်)တို့၏သား၊ဒေါ်နုနုဝေ၏ခင်ပွန်း၊ဦးဘုန်းသက်နိုင်-ဒေါ်ဌေးဌေးရီ၊ ဦးမြင့်သူ-ဒေါ်ခိုင်ငြိမ်းချမ်း၊ ဒေါ်ဆွေဇင်ဝင့်နွယ်တို့၏ဖခင်၊ မောင်စစ်ပိုင်မှူး၊ မစူးစူးစံတို့၏အဘိုးသည် ၃၁-၅-၂၀၁၂ရက် နံနက် ၆နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်မိုးလွင်
(စာရင်းကိုင်-၂)
ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ကျိုင်းတုံ)
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် ၁၁လမ်း၊ အမှတ် ၄၁၉/ကနေ (ဦးတင်-ဒေါ်မြင့်မြင့်)တို့၏သမီး၊ (ဦးအောင်ရွှေ-ဒေါ်အေးပို)တို့၏သမီးချွေးမ၊ ဦးတိုးမြင့်၏ဇနီး၊ မောင်ရန်နိုင်ထွန်း၊ မထက်မြက်ခြယ်တို့၏မိခင်သည် ၃၁-၅-၂၀၁၂ရက် (ကြာသပတေးနေ့)နံနက် ၆:၁၅နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း၊ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ်၄၈၊မြေကွက်တည်နေရာအမှတ် ၄၈၊(၃)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဦးတင်ဆောင် အမည်ပေါက်နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်ဆောင် ၁၃/တကန(နိုင်)၀၉၆၆၈၉ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် $\frac{၁၇၂၂/၁၁}{၂-၂-၁၁}$ ရသူ ဦးအောင်ကို ၁၂/အစန(နိုင်)၁၈၉၅၁က ကိုယ်စားလှယ်လွှဲစာပေးအပ်သူသည် ယနေ့တိုင် သက်ရှိထင်ရှား ရှိနေပါကြောင်းနှင့် အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်းမရှိသေးပါကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မဆုစန္ဒီအောင်
အထက(၂)လသာ
အသက်(၁၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ ၇လမ်း၊ အမှတ် ၇၆ (တတိယထပ်)နှင့် ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂)ရပ်ကွက်၊ ၁၂၄ (မြေညီထပ်)၊ ၁၈လမ်းနေ (ဦးမျိုးအောင်)-ဒေါ်ရှုရင်(ခ)ဒေါ်စန်းရီတို့၏သမီး၊ ဒေါက်တာသန်းထွန်းဦး(သွားဆရာဝန်)၊ မောင်အောင်မင်းလွင်တို့၏ညီမသည် ၃၀-၅-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါ ၁၈လမ်းနေအိမ်မှကားများ မွန်းလွဲ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးထွန်းရင် (လူထုမေတ္တာစတိုး)
တန့်ဆည်မြို့နယ်အသင်း ဂုဏ်ထူးဆောင်နာယက
အသက်(၈၆)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နေ(ဦးသာဒွန်း-ဒေါ်ဖွားယုံ)တို့၏သား၊ (ဦးဘအေး-ဒေါ်သန်းခင်)တို့၏သားသမက်၊ ဒေါ်မမကြည်၏ခင်ပွန်း၊ အမှတ် ၅၈၅၊ ပြည်လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ ဒေါ်မြင့်သီတာ(ဌာနမှူး၊ သတ္တဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)၊ ဦးကျော်မင်း (K ၊ လူထုမေတ္တာစတိုး)-ဒေါ်ခင်ဝါဝါမြင့်(မြဝတီရုပ်မြင်သံကြားသတင်းဌာန)၊ ဦးထွန်းဝင်း(လူထုမေတ္တာ မြန်မာ့ဆေးမျိုးစုံ၊ လမ်းမတော်)တို့၏ဖခင်၊ (ဦးထွန်းရှင်)-ဒေါ်တင်ဥ(ကြယ်ပျံဆေးတိုက်)၊ (ဦးထွန်းမှင်-ဒေါ်လှစော၊ ဇော်ပျံဆေးတိုက်)၊ ဦးသာလွင်-ဒေါ်အေးချို(ရွှေညာသားဆေးဆိုင်)တို့၏အစ်ကို၊ မမေမြတ်နိုးမင်း(Grade-IX,A၊ အထက-၂၊ လသာ)၊ မအေးရတနာမင်း(Grade-V, A ၊ အထက-၂၊ လသာ)တို့၏အဘိုးသည် ၃၁-၅-၂၀၁၂ရက် နံနက် ၁၁:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်မြ
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ အမှတ်တိုက်(A)၊ အခန်း ၇၁၄၊ လူမှုဝန်ထမ်းအိမ်ရာ၊ ရွှေဂုံတိုင်လမ်းနေ (ဦးသာမောင်-ဒေါ်သိန်းတင်)တို့၏သမီး၊ (ဦးဘမြ၊ Retd. DGM, I.W.T)၏ဇနီး၊ ဦးဇော်မင်း-ဒေါ်ခင်မြင့်မော်၊ ဦးဇော်ထွန်းမြ (BSN. JSM 3 Cop:)-ဒေါ်ရည်ရည်ဆွေ(မှုအုပ်/အမက-၈၊ ပုဇွန်တောင်)၊ ဒေါက်တာဥက္ကာမြ(တွဲဖက်ပါမောက္ခ၊ သမိုင်း)-ဒေါက်တာချိုချိုလွင်(တွဲဖက်ပါမောက္ခ၊ သမိုင်း)၊ ဒုရဲမှူးဝင်းအောင်နီ(ကမာရွတ်)-ဒေါက်တာခေမာမြ(ကထိက၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်)၊ ဒေါ်စန္ဒာမြ(ထ/ပြ၊ လ-၁၊ ဒဂုံအရှေ့)၊ (ဦးဇေယျာမြ)၊ ဒေါ်ရူပါမြ (ဒုညွှန်မှူး၊ လူမှုဝန်ထမ်းဦးစီးဌာန)၊ (ဦးဇာနီမြ)၊ ဦးသော်တာမြ(ဒုဦးစီးမှူး၊ မိုး/ဇလ)၊ ဒေါ်ကေသီမြ(ကထိက၊ သတ္တဗေဒဌာန၊ မအူပင်တက္ကသိုလ်)၊ ဒေါ်ဥမ္မာမြ(ထ-၄၊ ဗိုလ်တထောင်)တို့၏မိခင်၊ ဗိုလ်ကြီးဘဏ်ထက်၊ ကိုဟိန်းသန့်ဇော်(O.S/UNITEAM) -မဇင်သီအေး၊ ဒေါက်တာနေထက်လင်း၊ မချောငြိမ်းငြိမ်းဇော်(SAN-ARCHITECTS)၊ မခင်သီရိထက်၊ မောင်မင်းသူခန့်တို့၏အဘွားသည် ၃၀-၅-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) ည ၇:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၂ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျော်ညွန့် (ပါရမီတက္ကစီ)
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၄၆၈နေ (ဦးမောင်မောင်သန်း)-ဒေါ်မြကြည်တို့၏သားထွေး၊ ဦးထွန်းထွန်း-ဒေါ်ကြင်စော၊ ဦးအောင်သန်း-ဒေါ်အေးအေးမိုး၊ ဒေါက်တာမြတ်လွင်-ဒေါ်အေးအေးသန်း၊ ဦးလှသန်း-ဒေါ်ခင်သန္တာသန်းတို့၏ညီ/မောင်၊ ဒေါ်နီလာသန်း၏ခင်ပွန်း၊ မမေမြတ်ထူး(Grade- IV, A၊ အထက-၂၊ ရန်ကင်း)၏ဖခင်၊ မောင်ကျော်နိုင်၊ မောင်ကျော်သက်၊ မောင်ကျော်မြင့်လွင်-မကေဇင်ထက်၊ ဗိုလ်ကြီးမျိုးမျိုးကျော်-မထက်လင်းဆု၊ မောင်သူရမင်းထက်-မပပခိုင်၊ မောင်အောင်မင်းဟိန်း၊ မောင်အာကာမိုးထက်၊ မပြည့်ပြည့်ခိုင်၊ မမေမြတ်သက်အေးအောင်တို့၏ဦးလေး၊ မောင်ဘုန်းလွင်ဖြိုး၏ဘိုးလေးသည် ၃၀-၅-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) ည ၁၀:၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၂ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြမြဝင်း
အသက်(၅၉)နှစ်

ပုသိမ်မြို့နေ (ဦးကျော်သန်း-ဒေါ်သိန်းမျှင်)တို့၏သမီး၊ ရန်ကုန်မြို့၊ တိုက် ၈၊ အခန်း ၂၀၄၊ မြနန္ဒာအိမ်ရာ၊ (၁၄) ရပ်ကွက်၊ အုတ်ကျင်း၊ လှိုင်မြို့နယ်နေ ဦးကျော်ဝင်း၏ဇနီး၊ ကိုတင်ဝင်း-မဖြူဖြူကျော်၊ ကိုကျော်ဇင်ထိုက်-မယမင်းထွန်း၊ ကိုကျော်လွင်ထိုက် - မဇင်မာကျော်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၃၁-၅-၂၀၁၂ရက်(ကြာသပတေးနေ့) နံနက် ၁၀:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ပါ။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့)တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

တန့်ဆည်မြို့နယ်အသင်း
ဦးထွန်းရင်
(လူထုမေတ္တာစတိုး)
တန့်ဆည်မြို့နယ်အသင်း ဂုဏ်ထူးဆောင်နာယက
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အမှတ် ၅၈၅နေ ဦးထွန်းရင်သည် ၃၁-၅-၂၀၁၂ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍အသင်းသူအသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ငွေး
အသက်(၆၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတော မြို့နယ်၊ ကိုးတောင်ရွာနေ (ဦးကျော်လှ-ဒေါ်တင်မြင့်)တို့၏သမီး၊ ပုသိမ်မြို့၊ မကျီးပင်တန်းလမ်း၊ အမှတ် ၄၃နေ ဦးမောင်ရွှင်-ဒေါ်ညိုတို့၏သမီးချွေးမ၊ ဦးမြသိန်း-ဒေါ်ညိုညိုစမ်းတို့၏အစ်မ၊ သက္ကာယ်သောင်ရွာနေ ကိုဝင်းလွင် (မန္တဲ့နွဲ့ဝင်း)၊ (မောင်ဇော်နိုင်)၊ မယဉ်ယဉ်ငွေး၊ မောင်မျိုးဇော်အောင်၊ မဝါဝါမြင့်တို့၏မိခင်၊ ဦးဝဏ္ဏ(M-A, Ph.D၊ အိန္ဒိယ)၊ ဦးရာဇိန္ဒ (နယ်လှည့်ဓမ္မကထိက၊မဏိရုံသီ မိုးကုတ်ဝိပဿနာရိပ်သာ၊ ပုသိမ်)တို့၏ ရဟန်းဒါယိကာမ၊ ပုသိမ်မြို့၊ မိဂဒါဝုန် မိုးကုတ်ဝိပဿနာရိပ်သာ ဓမ္မသုခကျောင်း ဒါယိကာမကြီး ဒေါ်ငွေးသည် ၃၁-၅-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၆:၃၀နာရီတွင် ပုသိမ်မြို့၊ မိဂဒါဝုန်မိုးကုတ်ဝိပဿနာရိပ်သာဓမ္မသုခကျောင်း၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ပုသိမ်မြို့ သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မောင်လမင်းထွန်း
အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ စဥ့်အိုးတန်းလမ်း၊ အမှတ် ၉၁(ငါးလွှာ)နေ ဦးလှဖေ(ဉက္ကဋ္ဌ၊ မြို့နယ်သာသနာ့နုဂ္ဂဟအသင်း)-ဒေါ်တင်တင်ငွေးတို့၏သားငယ်၊ မခင်စန်း(ခ)ဖိန်းဖိန်း၏တူ၊ မောင်နေမင်းထွန်း-မဇင်ဥမ္မာမြင့်တို့၏ညီ/မောင်ငယ်သည် ၃၀-၅-၂၀၁၂ရက် ည ၁၀:၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၂ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ထွေး (ဝါးခယ်မ)
အသက်(၉၂)နှစ်

ဝါးခယ်မမြို့နယ်နေ (ဦးဘိုးမျှင်-ဒေါ်ချစ်)တို့၏သမီး၊ (ဦးဘိုတင်-ဒေါ်သန်းစိန်)၊ (ဦးဘကြည်)၊ (ဦးဘလှ-ဒေါ်ရင်မြင့်)တို့၏ညီမ၊ ဦးခင်အေး-ဒေါ်ခင်မေကြည်(နတ်တလင်းမြို့)၊ ဒေါ်ခင်မေရီ၊ ဦးငွေးအောင်-ဒေါ်တင်တင်အောင် (ဝါးခယ်မ)၊ ဒေါ်ကြူကြူတင်၊ ဒေါ်တင်တင်လှ၊ ဦးမောင်မြင့်-ဒေါ်ယဉ်ယဉ်လှ၊ ဦးဝင်းအေးလှ-ဒေါ်တင်တင်နိုင်၊ (ဦးခင်မောင်လှ)-ဒေါ်လှရီ၊ (ဦးစိန်ဇမာန်)-ဒေါ်ခင်နှင်းဆီ၊ ဦးမြင့်အေးလှတို့အဒေါ်၊ မြေး ၁၀ယောက်၊မြစ်တစ်ယောက်တို့၏အဘွားသည် ၃၁-၅-၂၀၁၂ရက်(ကြာသပတေးနေ့) နံနက် ၃နာရီတွင် အမှတ် ၁၀၉ (မြေညီထပ်)၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နယ်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းကျောင်းဒါယကာကြီး
ဦးမောင်မောင်(ခ)
တော်ကော့ကျောင်
ပြည်ကျော်ပလတ်စတစ်၊မန္တလေးမြို့
အသက်(၈၂)နှစ်

မန္တလေးမြို့၊ ၈၄လမ်းနေ (ဦးဘန်ကိန်း-ဒေါ်ရှုလိုင်)တို့၏သားကြီး၊ ရန်ကုန်မြို့နေ (ဦးကောပု-ဒေါ်အုန်းတင်)တို့၏သားသမက်၊(ဦးအေး)-ဒေါ်မြင့်မြင့်သန်း၊ ဦးစိန်ဝင်း-ဒေါ်ဝင်းယုသန်း၊ ဒေါ်လှလှအေးတို့၏အစ်ကိုကြီး၊ ဒေါက်တာထွန်းလင်း-မငွေးမူ၊ ကိုထွေးမြင့်-မအေးအေးမြင့်၊ မဝင်းဝင်းမြင့်၊ Mr.Edwin Linares - မဇင်ဝင်းပိုက်တို့၏ဖခင်၊ ဒေါက်တာအိခြယ်ဇွန်လင်း၊ မောင်ဥက္ကာစည်လင်း (3^{rd} M.B.,B.S)၊ Andrew Lim, Bryan Lim တို့၏အဘိုး၊ မန္တလေးမြို့၊ ၂၉လမ်း၊ ဝါးတန်းရပ်နေ ဒေါ်ငွေးငွေးမြင့်၏ခင်ပွန်းသည် ၃၀-၅-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၂ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန် ဖုးကျင့်နိဗ္ဗာန်ကုန်းသို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်စောရီ
အလယ်တန်းပြ (ငြိမ်း)
အထက၊ တောင်ကုတ်မြို့
အသက်(၆၃)နှစ်

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ကံပိုင်ရပ်၊ မာလာမြိုင်လမ်းနေ ဦးသိန်းဖေ-(ဒေါ်ညို)တို့၏သမီး၊(ဒေါ်စောကြည်)၏ညီမ၊ ဒေါက်တာညွန့်တင်(မန်နေဂျာ၊ ငြိမ်း၊ LFME)-ဒေါ်ခင်ဝင်း (အလပြ၊ ငြိမ်း)၊ ဒေါ်ခင်စန်းရီ (မငိုင်း)-ဦးခင်မောင်လင်း(အထပြငြိမ်း)တို့၏အစ်မ၊ကိုဖြိုးဝေလင်း-မဇင်ဇင်ထွန်း(ရွှေယာမြေ)၊ မဇင်မျိုးညွန့်တင်(အမက-၁၆၊မင်္ဂလာဒုံ)၊မတင်ဇာဖြိုး(ရွှေယာမြေ)၊ ဗိုလ်ကြီးအောင်မျိုးညွန့်တင်(ငြိမ်း)-မစုမြတ်၊ ဗိုလ်ကြီးထက်ကျော်စိုး၊ဗိုလ်လောင်းပြည့်ဖြိုးညွန့်တင်(DSMA)၊ မဇင်မာဖြိုး(3^{rd} Zool)တို့၏ကြီးမေ၊မြေးသုံးယောက်တို့၏ ဘွားဘွားကြီးသည် ၃၁-၅-၂၀၁၂ရက် နံနက် ၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် တောင်ကုတ်မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

မစန်းစန်းချို
အသက်(၄၃)နှစ်

မော်လမြိုင်မြို့နေ ဦးဘသောင်း-ဒေါ်ရီတို့၏သမီးကြီး၊ တန့်ဆည်မြို့နယ်၊ ပုတီးရွာနေ ဦးကံလှိုင်-ဒေါ်သိန်းတို့၏သမီးချွေးမ၊ ဗိုလ်ကြီးကျော်ခိုင်၏ဇနီး၊ ဦးကျော်စိုးနိုင်(ဇီးကုန်းရဲစခန်းမှူး)-ဒေါ်ခင်မျိုးသွင်တို့၏ညီမ၊ ဦးစိုးပိုင်(ဦးစီးအရာရှိ)-ဒေါ်ရီရီချို(အလပြ)၊ ဦးခင်မောင်ထွေး-ဒေါ်ဝါဝါစိုး၊ ဦးမြင့်ထွန်း(ဦးစီးမှူး)-ဒေါ်ခင်မျိုးအေး(လ/ထဦးစီးမှူး)၊ ဦးဝင်းကိုထွေး-ဒေါ်ပန်းအိဖြူတို့၏အစ်မသည် ၃၀-၅-၂၀၁၂ရက် နံနက် ၂နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၂ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ ပိဋကတ်တိုက်ကျောင်းစာသင်တိုက် ဦးစီးပဓာန နာယက
ဘဒ္ဒန္တဥတ္တရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါ

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ စလံရွာနေ (ဦးစံခ-ဒေါ်တော့)တို့၏သား၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ပြည်နယ်ဩဝါဒါစရိယ၊ ပြည်နယ်ဝိနည်းဓိုရ်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဥတ္တရ မဟာထေရ်မြတ်ကြီးသည် (၁၃၇၄ခုနှစ် နယုန်လဆန်း ၁၁ရက်) ၃၁-၅-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၄ခုနှစ် နယုန်လဆန်း ၁၄ရက်) ၃-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့်
ဒါယကာ၊ ဒါယိကာမများ

ဦးကျော်ညွန့်
အသက်(၅၂)နှစ်

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ ဇီဇဝါလမ်း၊ အမှတ် ၃၁/၃၇နေ ဒေါက်တာစံငြိမ်း-ဒေါ်သန်းရင်တို့၏သားသမက်၊ မြဝတီစာပေတိုက်၊ဘောက်ထော်၊ ရန်ကင်းမြို့နယ်နေ ဒေါ်နီလာသန်း၏ခင်ပွန်း၊ မမေမြတ်ထူး(Grade-IV, A၊ အထက-၂၊ ရန်ကင်း)၏ဖခင်၊ ဦးမောင်မောင်သိန်း-ဒေါ်စန္ဒာသန်း၊ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး-ဒေါ်မာလာသန်း၊ ဦးခင်မောင်ဦး-ဒေါ်ဥမ္မာသန်း၊ ဦးဇော်နိုင်သန်း-ဒေါ်နန်းယဉ်ယဉ်အေး၊ (ဗိုလ်မှူးဖုန်းနိုင်သန်း)-ဒေါ်ခင်စုစုမျိုးတို့၏မောင်/အစ်ကိုသည် ၃၀-၅-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀:၅၀နာရီတွင် ရန်ကုန်ဆေးရုံကြီး နှလုံးကုသဆောင်၌ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၂ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးထင်ကျော်(ခ)ဦးထွန်းဝင်း (ထားဝယ်)
ဌာနခွဲမှူး၊ မထသဌာနခွဲ(၆)၊ ရန်ကုန်တိုင်းဒေသကြီး
အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ တိုက် ၁၃၊ အခန်း ၂၀၁နေ ဦးတင်မောင်-(ဒေါ်စိန်ပို)တို့၏သား၊ ဦးစောချိန်ဝိုင်း(ခ)ဦးအောရေ-(ဒေါ်ကျင်စိန်)တို့၏သားသမက်၊ ဒေါ်အေးအေးမြင့်(ထားဝယ်အသင်းအမှုဆောင်)၏မောင်၊ ဒေါ်ခင်သန်းဆင့်၏ခင်ပွန်း၊ မောင်ဝင်းကိုကို-မသီတာထင်ကျော်၊ မောင်အာကာထင်ကျော်၊ မောင်ရာဇာထင်ကျော်၊ မောင်သူရိန်ထင်ကျော်တို့၏ဖခင်သည် ၃၁-၅-၂၀၁၂ရက်(ကြာသပတေးနေ့) ညနေ ၄:၀၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်ကျင်ငွေ
(အောင်ဆန်း မိုးကုတ်ယောဂီ)
အသက်(၇၆)နှစ်

အင်းစိန်မြို့နယ်၊အောင်ဆန်းရပ်ကွက်၊ အမှတ် ၆၇၅၊ ကန်ဦးကျောင်းလမ်းနေ ဦးဝင်းသောင်း၏ဇနီး၊ဒေါ်ငွေးရီ၊ ဦးသိန်းအေး၊ဦးမျိုးဇော်လတ်၊ဒေါ်ရီရီမြင့်၊ဦးငွေးလွင်၊ ဦးအေးမင်း၊ ဦးလှမိုး၊ မသူဇာအေး၊ မောင်ဇော်မင်းနိုင်တို့၏မိခင်၊ မြေး ၁၂ ယောက်တို့၏အဘွားသည် ၃၀-၅-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) ည ၈:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၂ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါက်တာဆွေထွန်း
အထူးကုဆရာဝန်(ဆေးပညာ)
ဖျာပုံမြို့နယ်ပြည်သူ့ဆေးရုံကြီး
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ခိုင်ရွှေဝါ(ဗဟိုလမ်း)၊အမှတ် ၁၂၉နေ ဦးထွန်းဆင်၊ ဒေါ်ခင်သောင်းတို့၏သား၊ ဦးသန်းထွန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ စာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်) - ဒေါ်အေးအေးမွန်တို့၏ညီ/မောင်၊ ဦးသိုက်ရွှေ-ဒေါ်ခင်စော၊ ဦးခင်မောင်ညို - ဒေါ်ခင်ငွေးကြွယ်၊ ဦးဝင်းကြည်-ဒေါ်ခင်စန်းရီ၊ ဒုရဲမှူးကြီးအောင်နိုင်(ငြိမ်း)-ဒေါ်ခင်မာကြည်(မွန်ပြည်နယ် ဥပဒေအရာရှိ)၊ ဒေါ်ခင်ခင်တာ၊ ဦးဇော်မင်း(တံတားဦးမြို့နယ် အုပ်ချုပ်ရေးမှူး)-ဒေါ်ခင်ခင်ထွေးတို့၏တူသည် ၃၁-၅-၂၀၁၂ရက် နံနက် ၁၀:၄၈နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ရက် (စနေနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးစိန်အေး (ကွမ်းခြံကုန်း)
အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ ညောင်ငူကျေးရွာနေ (ဦးထွန်းညွန့်-ဒေါ်အုန်းမြိုင်)တို့၏သား၊ (ဦးဖိုးရုံ-ဒေါ်လှတင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၊ သီရိမြိုင်(၉)လမ်း၊ အမှတ် ၂၂၆/၂၂၇နေ ဒေါ်ထွေး၏ခင်ပွန်း၊ ဦးလှဦး-ဒေါ်အေးအေးမြင့်၊ဒေါ်လှလှအေး(အမက-၉၊ လှိုင်၊ မှုလွှန်)တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၃၁-၅-၂၀၁၂ရက်(ကြာသပတေးနေ့) နံနက် ၁၀:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ရက် (စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မခင်သန်းဝေ (မာန်အောင်)
(အထက်တန်းသူနာပြုဆရာမ)
ရွှေလမင်းဆေးရုံ
အသက်(၄၁)နှစ်

ရခိုင်ပြည်နယ်၊မာန်အောင်မြို့၊အနောက်စုရပ်ကွက်၊ ကွက်သစ် ဓာတ်တော်ဘုရားလမ်းနေ(ဦးငနက်ကျော်-ဒေါ်မမညို)တို့၏မြေး၊ ဦးမောင်သန်း-ဒေါ်ဝေသူတို့၏သမီးကြီး၊ မောင်သန်းဝေ၊ မောင်စိန်နု-ခင်မြင့်ဝေ၊ နေမင်းဝေ(ခ)အံ့ကျော်တို့၏အစ်မကြီး၊ နေလင်းအောင်၊ မင်းသန့်အောင်တို့၏ကြီးကြီးသည် ၂၉-၅-၂၀၁၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၄၅နာရီတွင် ရွှေလမင်းဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ယုဇန ၂လမ်း၊ အမှတ် ၁၈၇ နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
R. 488

1-6 (19).pmd 1 6/1/2012, 2:27 AM

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဆိုက်ရောက်ဗီဇာထုတ်ပေးခြင်းကို

ဇွန် ၁ ရက်မှစ၍ ၂၆ နိုင်ငံအား ခွင့်ပြုပေးမည်

နေပြည်တော် မေ ၃၁

နိုင်ငံတော်အတွက် ဝင်ငွေတိုးမြှင့်ရရှိစေရေး၊ နိုင်ငံအတွင်း ဥပဒေနှင့်အညီ စီးပွားရေးအခွင့်အလမ်းများ ရင်းနှီးမြှုပ်နှံလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအား နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ လွယ်ကူချောမွေ့စွာ ဝင်ရောက်သွားလာနိုင်ရေး၊ မြန်မာသံရုံးမရှိသောနိုင်ငံများမှ မြန်မာနိုင်ငံသို့ လာရောက်မည့်သူများ၊ အကြောင်းအမျိုးမျိုးကြောင့် မြန်မာသံရုံးများတွင် ဗီဇာရယူရန် အချိန်မလုံလောက်သော ခရီးသွားများ အဆင်ပြေလွယ်ကူစေရေး စသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံသို့လာရောက်မည့် နိုင်ငံခြားသားများအတွက် ဆိုက်ရောက်ဗီဇာ (Visa On Arrival) ထုတ်ပေးခြင်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဇွန် ၁ ရက်မှစတင်၍ ဆောင်ရွက်မည်ဖြစ်သည်။

ယင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တာဝန်ယူကြီးကြပ်၍ လေဆိပ်ရှိ ဆိုက်ရောက်ဗီဇာခွင့်ပြုမှုစိစစ်ရေးအဖွဲ့ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ပထမအဆင့်အဖြစ် ဆိုက်ရောက်ဗီဇာဖြင့် ခွင့်ပြုမည့် ဗီဇာအမျိုးအစားသုံးမျိုး၊ ကောက်ခံမည့်အခငွေနှင့် ခွင့်ပြုကာလများမှာ လုပ်ငန်းဗီဇာ (Business Visa) အမေရိကန်ဒေါ်လာ ၅၀၊ ခွင့်ပြုရက် ရက်ပေါင်း ၇၀၊ အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်နှင့် တွေ့ဆုံရန်အတွက် ပြည်ဝင်ဗီဇာ (Entry Visa) အမေရိကန်ဒေါ်လာ ၄၀၊ ခွင့်ပြုရက် ၂၈ ရက်နှင့် ဖြတ်သန်းဗီဇာ (Transit Visa) အမေရိကန်ဒေါ်လာ ၂၀၊ ခွင့်ပြုချိန် ၂၄ နာရီ ဖြစ်သည်။

ယခုအခါ ဆိုက်ရောက်ဗီဇာကို အာဆီယံနိုင်ငံအားလုံးနှင့် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျ၊ ဒိန်းမတ်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ နယူးဇီလန်၊ နော်ဝေ၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ထိုင်ဝမ်၊ ဗြိတိန်၊ အမေရိကန် စုစုပေါင်း ၂၆ နိုင်ငံကို ခွင့်ပြုမည်ဖြစ်ပြီး ခွင့်ပြုနိုင်ငံအရေအတွက်နှင့် ကျန်ဗီဇာအမျိုးအစားများကိုလည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။ ဆိုက်ရောက်ဗီဇာလျှောက်လွှာပုံစံ၊ လိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်များနှင့် အသေးစိတ်အချက်အလက်များကို ဝန်ကြီးဌာန၏ Website လိပ်စာ WWW. mip.gov.mm တွင် ပြည့်စုံစွာ ဖော်ပြထားပြီး မေ ၂၅ ရက်မှစ၍ လွှင့်တင်ထားသည်။ လေကြောင်းလိုင်းများ၊ နိုင်ငံခြားသံရုံးများသို့လည်း ဖြန့်ဝေထားသည်။

ဤဆောင်ရွက်ချက်အပေါ် ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ နိုင်ငံတော်၌ ရင်းနှီးမြှုပ်နှံလိုသည့်လုပ်ငန်းရှင်များအတွက် ပြည်ဝင်ခွင့်အဆင်ပြေလွယ်ကူမှုရှိသကဲ့သို့ နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် ထင်သာမြင်သာရှိသောဆောင်ရွက်မှု ပြယုဂ်တစ်ခုအဖြစ် အားလုံးက လှိုက်လှဲစွာ ကြိုဆိုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အနောက်တောင်မုတ်သုံလေဝင်ရောက်

နေပြည်တော် မေ ၃၁

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နိုင်ငံတကာရုပ်ရှင်

(၁၅)ကြိမ်မြောက် ရှန်ဟိုင်းနိုင်ငံတကာရုပ်ရှင်ပွဲတော် ပြည်တွင်း ပြည်ပ ရုပ်ရှင်ကား ၃၀၀ ကျော် ပါဝင်ပြသမည်

ရှန်ဟိုင်း မေ ၃၁

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် (၁၅)ကြိမ်မြောက် ရှန်ဟိုင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်ကို လာမည့် ဇွန် ၁၆ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီက မေ ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အကြို လေ့ကျင့်ပွဲသို့ တက်ရောက်လာသော တရုတ်ရုပ်ရှင်မင်းသမီး ဖန်ပင်မင်း

အဆိုပါ ရုပ်ရှင်ပွဲတော်သို့ ပြည်တွင်းပြည်ပမှ ရုပ်ရှင်ကားပေါင်း ၃၀၀ ကျော် ပါဝင်ပြသကြမည်ဖြစ်သည်။ ၄င်းရုပ်ရှင်များကို ရှန်ဟိုင်းမြို့ရှိ ရုပ်ရှင်ရုံ ၃၃ ရုံတွင် ပြသသွားရန် စီစဉ်ထားသည်။ ရှန်ဟိုင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်သို့ အော်စကာဆုရ ရုပ်ရှင်ကားများဖြစ်သော The Artist၊ Midnight in Paris ဇာတ်ကားတို့အပြင် သရီးဒီရုပ်ရှင်ကားများဖြစ်သော The Lion King နှင့် Beauty and the Beast ဇာတ်ကားများလည်း ပါဝင်ပြသမည်ဖြစ်သည်။

တစ်ဖန် ရုပ်ရှင်မင်းသမီးကြီး အဲလိဇဘက်တေလာ ပါဝင်သရုပ်ဆောင်ထားသော Voyage to the Moon ဇာတ်ကားလည်း ပါဝင်ပြသမည်ဖြစ်သည်။ ထို့အပြင် Cleopatra ဇာတ်ကားလည်း ပါဝင်ဆင်နွှဲမည်ဖြစ်ကြောင်း ရုပ်ရှင်ပွဲတော်ကျင်းပရေးကော်မတီက ပြောကြားသည်။ ရှန်ဟိုင်း နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ၁၉၉၃ ခုနှစ်မှ စတင်ကာကျင်းပခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံ၏ အဓိက ရုပ်ရှင်ပွဲတော်ကြီးတစ်ရပ်လည်းဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၃ ▲

မြန်မာ့အလင်း နိုင်ငံတကာအားကစား

နိုင်ငံတကာဘောလုံးခြေစမ်းပွဲ

ဘရာဇီးက အမေရိကန်ကို အနိုင်ရ

ဝါရှင်တန် မေ ၃၁

နိုင်ငံတကာဘောလုံးပြိုင်ပွဲ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိရာ အမေရိကန်နှင့် ဘရာဇီးအသင်းတို့ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ မေ ၃၁ ရက်က ယှဉ်ပြိုင်ကစားရာ ဘရာဇီးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိသည်။

အမေရိကန်နှင့် ဘရာဇီးတို့ချစ်ကြည်ရေးခြေစမ်းပွဲ ဤသို့အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဘရာဇီးအသင်းသည် အမေရိကန်၌ သွားရောက်ယှဉ်ပြိုင်ကစားရသော်လည်း ကစားကွက်ကို ထိန်းချုပ်ကာ ခြေစွမ်းပြကစားနိုင်ခဲ့သည်။ အမေရိကန်အသင်းမှာ အသင်းလိုက်ကစားအား၊ နားလည်မှုနှင့် အချိတ်အဆက်မိမှုများ အားနည်းနေသဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၅ ❍

ပဲခူး၊ သနပ်ပင်၊ ကဝမြို့နယ်များ နှစ်စဉ်ရေကြီးမှုမှ ကာကွယ်ပေးမည့် ဖောင်းတူရေသွယ်မြောင်းများ တိုးချဲ့တူးဖော်နိုင်ခဲ့ပြီ

နေပြည်တော် မေ ၃၁

သတင်းဆောင်းပါး	– မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း	– တင်စိုး(မြန်မာ့အလင်း)

မျက်စိတစ်ဆုံးရှည်လျားစွာ တူးဖော်ထားသော ရေသွယ်မြောင်း၊ ပဲခူးရိုးမတောင်ကမ်းပါးများကို ယန္တရားများဖြင့် ခက်ခဲစွာ ဖြိုချတူးဖော်ခဲ့ရသည်မှာ မလွယ်ကူ၊ မြေပြန့်ပိုင်းတွင်လည်း ရေထုတ်အားကောင်းရန် တူးမြောင်းအောက်ခြေကို တိုးချဲ့ကာ စက်ယန္တရားအင်အားသုံးပြီး နေ့စဉ်တူးဖော်ခဲ့ရသည့်လုပ်ငန်းကလည်း သတ်မှတ်ထားသည့် စံချိန်စံညွှန်းရရန် အလေးထားကာ ဖိဖိစီးစီးဆောင်ရွက်ခဲ့ရသည်။ ယင်းမှာ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းဒေသ မိုးရာသီ ရေကြီးမှုကာကွယ်ရေး၊ နွေရာသီ စိုက်ပျိုးရေရရှိရေးနှင့် ရန်ကုန်တိုင်းဒေသကြီး မိုင်(၃၀)ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့အတွက် ဖောင်းတူရေလွှဲဆည်မှ ပဲခူး-စစ်တောင်းတူးမြောင်းအတွင်းသို့ ရေဖြည့်ပေးနိုင်ရန် တူးမြောင်းဖောက်လုပ်ထားခြင်းပင် ဖြစ်သည်။ **စာမျက်နှာ ၆ ကော်လံ ၁ ■**

ပဲခူးတိုင်းဒေသကြီး ပဲခူးရိုးမအရှေ့ဘက်ခြမ်းရှိ ဖောင်းတူရေလွှဲဆည်ကို တွေ့ရစဉ်။

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ပြင်သစ်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်း အမြင့်ဆုံးအဆင့်ရောက်ရှိ စာ-၄

ဇွန် ၄ရက်တွင် လကြတ်မှုဖြစ်ပေါ်မည် စာ-၅



ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲ အိမ်ရှင်ပိုလန်အသင်း မိတ်ဆက် စာ-၇